# ရန္တာပုံ နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၈၃) ၊ ၁၃၈၆ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၅-၆-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ် ၊ ဝန်တိုတတ် ၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

### ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် တစ်နိုင်ငံလုံး သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်

စာမျက်နှာ ၂၄ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ


## ယနေ့ ဖတ်စရာအညွှန်း

အပင်အခြေပြုအစားအစာများစားသုံးလျှင် ဆီးကျိတ်ကင်ဆာကို ထိန်းချုပ်ထားနိုင်မည်



စာမျက်နှာ ၇

အင်္ဂလန်အသင်းက ဘော့စနီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ စာမျက်နှာ ၁၁

၂၀၂၄ ခုနှစ်၊ ဇွန် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

# ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့

၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဖြစ်သည်။ ယခုနှစ်ဆောင်ပုဒ်မှာ "သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး"ဟူ၍ ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသော စကားအသုံးအနှုန်းကို ကြားလိုက်ရုံနှင့်ပင် စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ လေးနက်သွားသည်ဟု ထင်မိသည်။

ဘာကိုဘယ်လို လေးနက်ခြင်းသလဲဟု မေးလျှင် မိမိ ပတ်ဝန်းကျင်ရှိ သဘာဝအနေအထားများ ဆုတ်ယုတ်ပျက်စီးသွားမှာကို စိုးရိမ်ပူပန်ခြင်း၊ ဆုတ်ယုတ်ပျက်စီးစပြုနေသည်ကို မြင်လျှင် သတိထားတတ်ခြင်း၊ မဆုတ်ယုတ် မပျက်စီးအောင် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်လိုစိတ်ပေါ်ပေါက်လာခြင်းဟု ဖြေဆိုရမည်ဖြစ်သည်။

လူသားနှင့် ပတ်ဝန်းကျင်သည် တစ်ခြားစီမဟုတ်ပါ၊ အပြန်အလှန် ဆက်စပ်နေသည်။ သဘာဝပတ်ဝန်းကျင် အနေအထားမကောင်းလျှင် လူသားတို့အတွက် နေထိုင်မှုကို ထိခိုက်စေသည်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသလို လူသားနှင့် ပတ်ဝန်းကျင် အပြန်အလှန် ကျေးဇူးပြုနေသဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စကို ကမ္ဘာ့နှင့်အဝန်း အလေးအနက်ထားကြခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်မည်။ ထိန်းသိမ်းစောင့်ရှောက်ရန်လည်းလိုအပ်မည်။ "ဥတုရာသီတောကိုမှီ"ဟူသော ဆောင်ပုဒ်အတိုင်း ရာသီဥတုသည် တောတောင်သဘာဝပေါ်တွင် မူတည်နေသည်။ တောတောင်သဘာဝ သာယာလှပမှသာ ဥတုရာသီအတိုင်း သာယာနေမည်လည်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားကို ပြပွဲ၊ ပြိုင်ပွဲများ၊ လူထုလှုပ်ရှားမှုများဖြင့် ကျင်းပလျက်ရှိသည်။ ကမ္ဘာမြေ စိမ်းလန်းသာယာပြီး သန့်ရှင်းသပ်ရပ်လှပစေရန်နှင့် လုံခြုံစိတ်ချရပြီး ကောင်းမွန်သော ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူး၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများပြုလုပ်ကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရေးအတွက် သဘာဝသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲအသုံးချရေး၊ လူဦးရေထိန်းသိမ်းရေးတို့ကို တစ်ကမ္ဘာလုံး လိုက်နာဆောင်ရွက်ကြရန် အားပေးလှုံ့ဆော်ခဲ့ကြသည်။ လူတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံး ပူးပေါင်း၍သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ပြဿနာကို အသိအမှတ်ပြု သတိထားခြင်း၊ ထိုပြဿနာ၏ အကြောင်းအရင်းကို လေ့လာခြင်း၊ ပြဿနာကာကွယ်နိုင်မည့်နည်းလမ်းများကို သိရှိပြီး လိုက်နာကျင့်သုံးခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ကာ ပစ္စုပ္ပန်နှင့် အနာဂတ်ကမ္ဘာကြီး သာယာစိုပြည်ရေးအတွက် ဆောင်ရွက်ရမည်လည်း ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့မှသည် လူတိုင်းအနေဖြင့် နေ့စဉ်သုံးစွမ်းအင်၊ သစ်တောထွက်ပစ္စည်းများကို ချွေတာသုံးစွဲခြင်း၊ စနစ်တကျသုံးစွဲခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ သဘာဝအလှအပကို ထိန်းသိမ်းခြင်း၊ အနီးဆုံးပတ်ဝန်းကျင်ကို သာယာလှပအောင်ထားခြင်းတို့ကို တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။




## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ် ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်းများ Online မှတစ်ဆင့် လျှောက်ထားနိုင်

**မန္တလေး ဇွန် ၄**

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်းများကို ဇွန် ၁၇ ရက်မှ စတင်ကာ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း (Online Chopping)မှတ်ပုံတင်လက်မှတ် ပြင်ဆင်ခြင်းနှင့် သက်တမ်းတိုးခြင်း လုပ်ငန်းစဉ်များကို ဇွန် ၁၇ ရက်မှ စတင်၍ www.ecomreg.gov.mm မှတစ်ဆင့် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်း မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားချိန်တွင် မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များ ပြောင်းလဲမှုရှိပါက ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ဦးစွာဆောင်ရွက်ပြီးမှသာ သက်တမ်းတိုးခြင်းကို ဆောင်ရွက်ရမည်။

ပြင်ဆင်ကြေးနှင့် သက်တမ်းတိုးကြေးများကို ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ ၁၇/၂၀၂၃ ပါ အတိုင်း ပေးသွင်းရမည်ဖြစ်ပြီး သက်တမ်းတိုးလျှောက်ထားရာတွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်ထားနိုင်ပါသည်။

သက်တမ်းတိုးလျှောက်ထားသည့် အချိန်တွင် ယခင် Online Sales မှတ်ပုံတင်လက်မှတ် လျှောက်ထားစဉ်က အချက်အလက်များ မှန်ကန်မှုရှိကြောင်း လျှောက်ထားသူများမှ ကတိပြုတာဝန်ယူရမည်ဖြစ်ပြီး အချက်အလက်များပြောင်းလဲပြင်ဆင်မှုရှိပါက ပြင်ဆင်ပိုင်းတွင် ပြင်ဆင်မှုပြုလုပ်ပြီးမှသာ သက်တမ်းတိုးလျှောက်ထားရမည်ဖြစ်သည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီး မှတ်ပုံတင်ရန်လိုအပ်ကြောင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လျှောက်ထားခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် စတင်လျှောက်ထားခွင့်ပြုခဲ့ခြင်းဖြစ်သည်။

(မန္တလေးနေ့စဉ်-၅)

## ချောင်းကြီး၊ မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပြည်ကြီးရန်လုံရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၄ လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၈၇ လမ်းနှင့် ၈၈ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၂ လမ်းမြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက လမ်း ၈၀ နှင့် ၈၁ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ စိတ္တရမဟီရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၄ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက် အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၄ လမ်းနှင့် လမ်း ၃၀ တံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၄)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၁A လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၆B လမ်း စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာအရှေ့ဘက်မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် အောင်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၄၅ လမ်းနှင့် ၄၆ လမ်းကြား အ·ထ·က(၃၆) ကျောင်းဘေးမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၀၉ လမ်းနှင့် ၁၁၀ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၆၀ E လမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၂ လမ်းနှင့် ၁၃၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ အမရပူရမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် တိုးချဲ့(၃)မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❖ စာမျက်နှာ ၂၄ မှ

ယခုအခါ ၂၀၂၅ ခုနှစ် သစ်တော သယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ ထုတ်ပြန်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် ပဏာမလေ့လာ ဆန်းစစ်မှုများအရ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်သည့် ဒီရေတောဧရိယာသည် ၂၀၂၀ ပြည့်နှစ်တွင် ဧက ၁ ဒသမ ၇၇ သန်း၊ နိုင်ငံဧရိယာ၏သုည ဒသမ ၆၄ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါတွင် ဧက ၁ ဒသမ ၁၃ သန်း နိုင်ငံဧရိယာ၏ သုည ဒသမ ၆၇ ရာခိုင်နှုန်းထိ တိုးတက်လာသည်ကို အားတက်ဖွယ် တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းနှင့် မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခြင်း၏ အကျိုးရလဒ်များပင် ဖြစ်ကြောင်း။

**တည်ထောင်ဖွဲ့စည်းနိုင်ခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၃ နှစ်ကျော်ကာလအတွင်း ကြိုးပြင်ကာကွယ်တော ၄၁ ခု၊ ဧရိယာဧကငါးသိန်းခြောက်သောင်းကျော် (၅၆၀၇၉၇ ဒသမ ၅၇ ဧက)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၄ ခု၊ ဧရိယာဧကငါးသိန်းကိုးသောင်းကျော် (၅၉၀၀၁၅ ဒသမ ၁၃ ဧက) စုစုပေါင်း ဧရိယာဧက ၁ ဒသမ ၁၅ သန်းကျော်(၁၁၅၀၈၁၂ ဒသမ ၇ ဧက)ကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေ မြင့်မားသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း၊ ၂၀၂၄ ခုနှစ် နွေရာသီတွင် အယ်လ်နီညိုဖြစ်စဉ်ကြုံတွေ့ရပြီး အကျိုးဆက်အနေဖြင့် မိုးရွာသွန်းမှုပုံစံများပြောင်းလဲခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်နိုင်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်ဟု သိရကြောင်း၊ ယခု ၂၀၂၄ ခုနှစ် ဧပြီလအတွင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် နေ့အပူချိန်များမြင့်မားခဲ့ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့သည် ယခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် နေ့အပူချိန် ၄၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်အထိရှိခဲ့ပြီး ကမ္ဘာ့အပူချိန် အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့ကြောင်း၊ အလားတူ မကွေးမြို့၊ မင်းဘူးမြို့၊ ညောင်ဦးမြို့နှင့် စစ်ကိုင်းမြို့တို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင်ပါဝင်ခဲ့ကြောင်း။

ထို့ကြောင့်လည်း အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက်သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနတို့က ယခုနှစ်မိုးရာသီတွင် တစ်ရွာ နှစ်ဧကစိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်း စုစုပေါင်း ၃၅၅၁ ဒသမ ၂၀ ဧက၊ ပျိုးပင်ပေါင်း နှစ်သန်းကျော် ၂၀၉၂၈၄၇ ပင်ကို ကျေးရွာပေါင်း ၈၀၉ ရွာတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာတွင်လည်း အရိပ်ရလေကာပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ **"ပူနွေးကမ္ဘာတားဆီးရာ၊ ဖြေရှာတစ်ခုတောပြုစု"** ဟု ဆိုသည့်အတိုင်း ရာသီဥတု ပြောင်းလဲမှုလျော့ချနိုင်ရေးအတွက် သစ်တောများ၏ အရေးပါမှုကို သိရှိနားလည်ပြီး သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**❖ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ**

**❖ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာ လှပစေရေး၊ ရာသီဥတုပြန်လည် မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ပူးပေါင်းဆောင်ရွက်**

အခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရန် လိုအပ်သည်ကို အသိပေးတိုက်တွန်းမှာကြားလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ Green City၊ Clean City၊ Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ထားသည့်အတိုင်း အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်သည့် နိုင်ငံတော်၏ ထိပ်တန်းတက္ကသိုလ် တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်ထားသည့် Naypyitaw State Academy ၏ ကျောင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့် သစ်ပင်ပန်းပင်များနှင့် အမြဲတမ်း စိမ်းလန်းစိုပြည် သာယာလှပစေရန် စိုက်ပျိုးပြုစုထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပစေရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့စိုက်ပျိုးသည့် သစ်ပင်၊ ပန်းပင်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲစွာ စိမ်းလန်းစိုပြည်နေစေရေး အားလုံးဝိုင်းဝန်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ ရာသီဥတုပြန်လည် မျှတ ကောင်းမွန်စေရေးနှင့် သဘာဝဘေး အန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားပါစို့ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင် စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များတပျော်တပါး စိုက်ပျိုးနေမှုကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် စသည့် သစ်မျိုး ခြောက်မျိုး၊ အပင် ၁၀၃၀ စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နိုင်ရေးအတွက် လျာထားအဆိုပြုပုံစံများ ခင်းကျင်းပြသထားရှိမှုနှင့် အဆိုပါလျာထားအဆိုပြုပုံစံများအပေါ် ကျောင်းသားကျောင်းသူများ၏ ဆန္ဒပြုစာရင်းကောက်ယူနေမှုများကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နိုင်ရေးအတွက် လျာထားအဆိုပြုပုံစံများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၄

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အိုင်ဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာ မှုထန်၊ ဒေါက်တာ ဘဇွေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။

### ရည်ရွယ်ကျင်းပ

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက် သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ ဂျူဒိုအားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် ယခုပြိုင်ပွဲမှ ထွက်ပေါ်လာမည့် မျိုးဆက်သစ် အားကစားသမားများကို စနစ်တကျ ရွေးချယ်လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်ရန် လူရွေးချယ်ရေး စီမံချက်နှင့် အောင်နိုင်ရေးစီမံချက်များကို ကြိုတင်ရေးဆွဲ ဆောင်ရွက်သွားကြရန်လိုကြောင်း။

### ကြိုးစားယှဉ်ပြိုင်

ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/မယ်များသည် မိမိတို့ ကိုယ်စားပြု ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အနိုင်ရရှိရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သကဲ့သို့ အနိုင်ရခြင်းသည်လည်း ပဓာနကျသည်ဆိုသော ခံယူချက်ဖြင့် မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း၏ဂုဏ်ကို မြှင့်တင်နိုင်ရန် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားသမားကောင်း ပီသစွာ သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများကိုလေးစားလိုက်နာပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ ဂျူဒိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် ၄၂ ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသားဂျူဒိုပြိုင်ပွဲ၊ ၅၇ ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသမီး ဂျူဒိုပြိုင်ပွဲနှင့် ၃၈ ကီလိုတန်းအောက်တစ်ဦးချင်း အမျိုးသားဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၃၀ မှ အသင်းအုပ်ချုပ်သူ/ နည်းပြ၊ အားကစားသမား အင်အား စုစုပေါင်း ၂၆၉ ဦးဖြင့် ဇွန် ၄ ရက်မှ ၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသွားမည်ဖြစ်ရာ ဂျူဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ပဲခူးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်(၁) ဖွင့်လှစ်

ပဲခူး ဇွန် ၄

ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း အမှတ်(၁) ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပြည်သူကို အကျိုးပြုနေကြသူများဖြစ်သည့်အတွက် ဥပဒေများကို ပိုမိုထိတွေ့သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် ဒေသလုံခြုံအေးချမ်းရေးတို့၏ အဓိကအခြေခံအကျဆုံးသည် ပြည်သူများ တည်ဆဲဥပဒေများကို သိရှိလေးစားလိုက်နာကြရန် လိုအပ်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာခြင်းအားဖြင့် မိမိဌာနအကျိုး၊ မိမိလူမှုပတ်ဝန်းကျင်အကျိုးနှင့် မိမိနိုင်ငံတော်အကျိုး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာသင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုစီးပွားဘဝများ လုံခြုံစွာ မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဥပဒေနှင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် လုပ်ငန်းခွင်လက်တွေ့လုပ်ငန်းများကို ပိုမိုလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းပို့ချချက်များကို အလေးထားမှတ်သားပြီး လက်တွေ့ကျင့်သုံးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ အတွင်းရေးမှူးနှင့် ဥပဒေအရာရှိများက အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ယင်းနောက် သင်တန်းတွင် သင်ကြားပေးမည့် အသိပညာပေး ဥပဒေစာအုပ်များ၊ Online တွင် ရှာဖွေနိုင်သည့် Myanmar Law Information System လက်တွေ့အသုံးပြုနည်းများကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါဥပဒေအသိပညာပြန့်ပွားရေးသင်တန်း၌ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတို့မှ သိမှတ်ဖွယ်ရာများအား တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၆၂ ဦးတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်အသီးသီးက လှူဒါန်းသည့် ပိဋကတ်သုံးပုံပါဠိတော်(မြန်မာ၊ ရိုမန်)အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံပါဠိတော်ကျမ်းစာအုပ်များကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပရိယတ္တိစာသင်တိုက်ကြီးများသို့ သွားရောက်လှူဒါန်း

**မန္တလေး ဇွန် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင် အသီးသီးက လှူဒါန်းသည့် ပိဋကတ်သုံးပုံပါဠိတော် (မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံပါဠိတော်ကျမ်းစာအုပ်များကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မန္တလေးတိုင်းဒေသကြီး အတွင်း၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ယနေ့နံနက်ပိုင်းက သွားရောက် လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ပရိယတ္တိစာသင်တိုက်ကြီးများဖြစ်သည့် မစိုးရိမ်တိုက်သစ်၊ အဝေရာရာမရန်ကင်းကျောင်းတိုက်နှင့် မြတောင်ကျောင်းတိုက်များသို့ ရောက်ရှိစဉ် ဆရာတော်ကြီးများအား ဖူးမြော်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပိဋကတ်သုံးပုံပါဠိတော်(မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံပါဠိတော်ကျမ်းစာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးများထံ လျှောက်ထားပြီး ဩဝါဒများခံယူခဲ့သည်။

ထိုသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပရိယတ္တိစာသင်တိုက်ကြီးများသို့ သွားရောက်လှူဒါန်းရာ၌ မစိုးရိမ်တိုက်သစ်၊ ဓမ္မစေတီယကျောင်းတိုက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုပြီး ဆရာတော်ကြီး ၃ ပါးထံသို့လည်းကောင်း၊ အဝေရာရာမရန်ကင်းကျောင်းတိုက်၊ စိန်ရတုပိဋကတိုက်နှင့် ပြတိုက်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အစိုးရနှင့် သကျသီဟဓမ္မာစရိယပါဠိပါရဂူဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ အမှူးပြုပြီး ဆရာတော်ကြီး ၃ ပါးထံသို့ လည်းကောင်း၊ မြတောင်ကျောင်းတိုက် နှစ် ၁၀၀ ပြည့်ဗိမာန်တော်ကြီးတွင် နိုင်ငံတော်ဩဝါဒါစရိယ၊ ပဒေသာရွှေကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ အမှူးပြုပြီး ဆရာတော်ကြီး ၃ပါး ထံသို့လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀













သတင်း-စာမျက်နှာ ၅







## တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

**ကံမ ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၃ ရက်နံနက် ၉ နာရီက ကြို့ပင်ကျေးရွာအုပ်စုမှ တောင်သူ ၄၉ ဦးတို့၏ မိုးစပါးစိုက်ဧက ၁၀၁ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ထုတ်ပေးရာတွင် ငွေကျပ် သိန်းပေါင်း ၂၇၀၀ သိန်း ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်းမြေပဲ၊ နှမ်းအစရှိသည့် အခြားသီးနှံစိုက်ဧကတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ယနေ့အထိ ကျေးရွာအုပ်စု ၄ အုပ်စုမှ တောင်သူ ၃၂၉ ဦး၏ မိုးစပါးစိုက်ဧက ၉၁၅ ဧကအတွက် ငွေကျပ် ၁၃၇၂ ဒသမ ၅ သိန်းအား ထုတ်ချေးပေးပြီးဖြစ်ပြီး ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက်၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




Mandalay City Development Committee
MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


## နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူ

## သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တရားမဝင် ဒစ်ဂျစ်တယ်ငွေကြေးများ ရောင်းဝယ်လဲလှယ်ခြင်းနှင့် နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများကို တရားဝင်လိုင်စင်မရှိဘဲ ဆောင်ရွက်နေသည့်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၄-၅-၂၀၂၄ ရက်နေ့က အသိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးနောက်တွင် အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိသူများကို ငွေစာရင်းများပိတ်သိမ်းခြင်း၊ တရားစွဲဆိုအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါအသိပေးကြေညာချက်ထုတ်ပြန်ခဲ့သည့် ၂၄-၅-၂၀၂၄ ရက်နေ့မှ ယနေ့အထိ နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါလူပုဂ္ဂိုလ် ၃၉ ဦးတို့အား စိစစ်ဖော်ထုတ်ပြီး ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများတွင် ဖွင့်လှစ်ထားရှိသည့် ၎င်းတို့၏ဘဏ်ငွေစာရင်းများနှင့် Pay Account များအား ယာယီဆိုင်းငံ့ခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ၎င်းတို့အား တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိပါသည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| (၁) | Ohn Nyunt Sein | 8/PaKhaKa (N) 331535 |
| (၂) | Aung Ko Win | 5/KaLaNa (N) 034953 |
| (၃) | Phyo Min Aung | 8/TaTaKa (N) 183930 |
| (၄) | Kyaw Thiha Htwe | 9/PaAuLa (N) 014611 |
| (၅) | May Zin Htet | 12/YaPaTha (N)081308 |
| (၆) | Zun Lin Htet Naing | 9/AhMaZa (N) 055282 |
| (၇) | Wai Tha Zin Oo | 7/YaTaYa (N) 228966 |
| (၈) | Aye Thet Mar | 7/AhPhaNa (N)125615 |
| (၉) | Wai Phyo Kyaw | 8/AhLaNa (N) 224563 |
| (၁၀) | Daw Su Po Po Aung | 12/ThaKaTa (N) 215085 |
| (၁၁) | Myo Min | 7/NaTaLa (N) 151381 |
| (၁၂) | Chan Nyein Aung | 7/AhPaNa (N) 117100 |
| (၁၃) | မရင်ရင်မျိုး | 13/LAYANA(N) 191218 |
| (၁၄) | ကောင်းမြတ်ကျော် | 12/YAKANA(N) 089166 |
| (၁၅) | လုံဖူး | 13/HAPATA(N) 014208 |
| (၁၆) | ဒေါ်နှင်းခရေ | 8/YASAKA(N) 257004 |
| (၁၇) | ကျော်ကျော်ဦး | ၁၃/လရန (နိုင်) ၁၈၈၈၅၈ |
| (၁၈) | ကျော်ထွန်းလင်း | ၉/ပမန (နိုင်) ၁၉၁၇၅၀ |
| (၁၉) | သိန်းတိုးအောင် | ၁၃/ကလန (ဧည့်) ၀၀၀၆၂၅ |
| (၂၀) | U KAUNG HTET SAN | 13/TAKANA(N)272872 |
| (၂၁) | Han Min Aung | ၁၀/မဒန(နိုင်)၀၉၈၄၂၁ |
| (၂၂) | MIN KHANT NYI | 12/PAZATA(N)038144 |
| (၂၃) | Thein Zaw Oo | 12/KAMATA(N)047930 |
| (၂၄) | Soe Sandar Win | 5/PALANA(N)081728 |
| (၂၅) | Zin Ko Latt | ၁၄/ဝခမ(နိုင်)၃၄၂၃၃၆ |
| (၂၆) | Shoon Lae Nadi Zaw | ၇/ရတရ(နိုင်)၂၇၀၀၆၉ |
| (၂၇) | Ma Hla Hla | 13/LALANA(N)005245 |
| (၂၈) | Yi Yi Cho | 7/THAWATA(N)181720 |
| (၂၉) | U Wai Lin Aung | 9/MANAMA(N)118774 |
| (၃၀) | Daw San Win | 8/PAKHAKA(N)076098 |
| (၃၁) | Mg Chit Ko | 12/LAMANA(N)054438 |
| (၃၂) | Nawe Nawe Soe | 14/MAMAKA(N)315603 |
| (၃၃) | Min Ko Ko | 5/KHAOUNA (N) 103987 |
| (၃၄) | Daw Tin Zar Myint | 12/YAPATHA(N) 040104 |
| (၃၅) | Nang Yadanar | 9/KHAMASA (N) 057131 |
| (၃၆) | Daw Shauk Chi | 13/TAKANA (N) 123191 |
| (၃၇) | Khin Lwin Lwin Theint | 7/PAKHANA (N) 181332 |
| (၃၈) | Kyaw Ko Ko Khaing | 7/KAWANA (N) 107041 |
| (၃၉) | Thar Htet Zan | 12/YAPATHA (N) 102551 |

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် တရားမဝင်ဒစ်ဂျစ်တယ်ငွေကြေးများ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ဟွန်ဒီဖြင့် တရားမဝင်ငွေလွှဲလုပ်ငန်းဆောင်ရွက်ခြင်းများမပြုလုပ်ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၄-၆-၂၀၂၄)

## အပင်အခြေပြုအစားအစာများစားသုံးလျှင် ဆီးကျိတ်ကင်ဆာကို ထိန်းချုပ်ထားနိုင်မည်

အမျိုးသမီးအများစုကို ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ စသည့်ရောဂါများက အသက်အန္တရာယ်ခြိမ်းခြောက်လေ့ရှိသကဲ့သို့ ဆီးကျိတ်ကင်ဆာရောဂါကလည်း အသက်ကြီးပိုင်းအမျိုးသားများကို ယခုနောက်ပိုင်းတွင် တိုးမြင့်ခြိမ်းခြောက်လာလျက်ရှိသည်။



ဆီးကျိတ်ကင်ဆာရောဂါနှင့် အစာအာဟာရများအကြား ဆက်နွယ်ပတ်သက်ပုံနှင့်ပတ်သက်၍ အမေရိကန်ဆေးသိပ္ပံပညာရှင်များမကြာသေးမီက စူးစမ်းလေ့လာရာမှ ထူးခြားချက်ဖော်ထုတ်တွေ့ရှိခဲ့သည်။

ယင်းတွေ့ရှိချက်မှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် အစေ့အဆံစသော အပင်အခြေပြုအစားအစာများစားသုံးလျှင် ဆီးကျိတ်ကင်ဆာကို ၅၀ ရာခိုင်နှုန်းခန့်အထိ ထိန်းချုပ်ထားနိုင်မည်ဟူသော အချက်ပင်ဖြစ်သည်။

အသက် ၆၀ကျော်အရွယ် ဆီးကျိတ်ကင်ဆာဝေဒနာရှင် အမျိုးသား ၂၀၀၀ကျော်တို့ကို အဆိုပါပညာရှင်များ လေ့လာခဲ့ရာမှ အဆိုပါထူးခြားချက်ကိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(SCI)




## Taxi Driver နယူးရော့ခ်၏ ကားတစ်စင်းပေါ်မှ တက္ကစီဒရိုင်ဘာအကြောင်း ရိုက်ကူးထား

ဟောလီဝုဒ်ရုပ်ရှင် Taxi Driver မှာ နယူးရော့ခ်ည၏ ကားတစ်စီးပေါ်မှ တက္ကစီဒရိုင်ဘာအကြောင်း ရသစုံလင်စွာနှင့် ရိုက်ကူးထားခြင်းဖြစ်သည်ဟု ဟောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဒရိုင်ဘာ မာတင်စကော့စီး လက်စွမ်းပြရိုက်ကူးထားသည့် ဘဝ၏ ဒဿနများကို ပုံဖော်ထားသည့် အဆိုပါရုပ်ရှင်တွင် ညဘက်အိပ်မပျော်ခြင်းကို ကျော်ဖြတ်ရန် ညတိုင်းတက္ကစီမောင်း၍ အထီးကျန်မှုကို ဖြေဖျောက်နေသည့် တက္ကစီဒရိုင်ဘာအကြောင်းဖြစ်သည်။

ဆန်းကြယ်သည့် ပြဿနာထုတ်များနှင့် လူများအကြား မတူညီသော စိတ်ခံစားမှု၊ မတူညီသော အတွေးအခေါ်များနှင့် ပွေလီတက်နေကြရာမှ လမ်းပျောက်ပြီး ရပ်တည်ရန် ရှာဖွေကာ မည်သို့တုံ့ပြန်ရမည်ကို ရှာဖွေနေသည့် တက္ကစီဒရိုင်ဘာ ကားတစ်စီးနှင့် အဖြေရှာဖွေနေခဲ့သည်။

ဒါရိုက်တာကိုယ်တိုင်သရုပ်ဆောင်ထားပြီး ရောဘတ်ဒီနဲရိုး၏ သရုပ်ဆောင်ချက်အစစ်အမှန်များကိုပါ ချပြပြီး အထီးကျန်ချိန်၊ ဝေခွဲမရချိန်၊ စိုးရိမ်သောကဖြစ်ချိန် လွတ်မြောက်မှုကို ရှာဖွေပုံကို တင်ပြထားသည်။

(SKY)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဆိုင်ကယ်သမား 85 Wang Yibo နှင့် ဒီဇိုင်းပညာရှင် Xiao Zhan တို့ကို ပရိသတ်အချစ်ပို

တရုတ်အနုပညာရှင်နှစ်ဦးဖြစ်ကြသည့် ဆိုင်ကယ်သမား 85 ဝမ်ရိဘိုနှင့် ဒီဇိုင်းပညာရှင် 105 ရှောင်းကျန့်တို့နှစ်ဦး The Untained နှင့် တွေ့ဆုံခဲ့ကြပြီး ရင်းနှီးသော ဆက်ဆံရေးခဲ့ကြရာ ပရိသတ်များက အချစ်ပိုခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဝမ်ရိဘိုနှင့် ရှောင်းကျန့်တို့နှစ်ဦး စတင်တွေ့ဆုံသောနေ့ကို တခုပ်တရမှတ်သားထားကြပြီး နှစ်ပတ်လည်နေ့ကို အကျယ်တဝင့်ကျင်းပပေးထားကြကာ မွေးနေ့အမှတ်တရ၊ လက်ဆောင်ပစ္စည်းဆင်တူဝတ်ဆင်ထားမှု၊ အဝတ်အစားဖက်ရှင်တူညီနေမှုစ၍ ဂရုတစိုက်စောင့်ကြည့်သည်ထိ အချစ်ပိုခဲ့ကြသည်။

သူတို့နှစ်ဦးကလည်း ပရိသတ်များရှေ့တွင် မသိဟန်ဆောင်လေ့ရှိပြီး လူမြင်ကွင်းတွင် တစ်မျိုး၊ နောက်ကွယ်တွင်တဖုံ၊ သိသိသာသာရှော၊ မသိမသာပါ ရင်းနှီးမှုကို ထုတ်ပြထားကြပြီး လက်စွပ်ဆင်တူပါ ဆင်မြန်းထားကြ၍ ပရိသတ်များက နှစ်ဦးသားနက်ရှိုင်းသော ရင်းနှီးမှုပြုလုပ်ထားကြသည်ဟု မှတ်ချက်ပေးထားကြသည်။ (SKY)




## Ratham ရုပ်ရှင်တွင်တစ်ကားရိုက်တစ်ကားပေါက်သည့် Vishal ပါဝင်ထား

အိန္ဒိယတောင်ပိုင်း တမီးလ်ဘာသာစကားပြော Ratham ရုပ်ရှင်တွင် တစ်ကားရိုက်တစ်ကားပေါက်သည့် မင်းသားဗီရှယ်ပါဝင်ထားပြီး IMDb 8.4 အထိ ရရှိထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဒါရိုက်တာ ဟာရီက ဖန်တီးထားပြီး ဗီရှယ်၊ ဟာသသရုပ်ဆောင် ဂီဘာဘူ၊ မင်းသမီးချောပရီယာဘာဝနီရှန်ကားတို့ အဓိကပါဝင်ထားကြကာ ကြေးစားလူမိုက်တစ်ယောက်၏ အချစ်ဒရမ်မာကို ပုံဖော်ထားသည်။

တမီးလ်နာဒူးနယ်စပ်တွင် အကြီးစား ဓားပြတိုက်မှုနှင့် စတင်ထားပြီး ကြေးစားလူမိုက်လက်မရွံ့နောက်လိုက်က အင်တာဗျူးဖြေရန်လာသော မိန်းကလေးတစ်ဦးနှင့်ဆုံတွေ့ခဲ့သည်။

မိန်းကလေး၏မိသားစုပြဿနာကြားမှ ကယ်တင်ရင်းသက်တော်စောင့်တစ်ဦးဖြစ်ခဲ့ပြီး အရှုပ်ထုတ်ကြား ကြေးစားလူမိုက်၏အချစ်များအကြောင်း စုံလင်စွာ ရိုက်ကူးတင်ပြထားသည့် ၂၀၂၄ ခုနှစ်ထွက် ဇာတ်ကားသစ်ဖြစ်ကာ ပရိသတ်အားပေးမှုနှုန်းမြင့်မားခဲ့သည်။

(SKY)

## Game of Thrones Aquama မင်းသား Momaa အချစ်သစ်နှင့်တွေ့ရှိ

ဟောလိဝုဒ်ရုပ်ရှင် Game of Thrones Aquaman မင်းသား ဂျေဆင်မိုမိုအာသည် လက်ရှိအနုပညာရှင် မင်းသမီးနှင့်အချစ်သစ် တွေ့ရှိခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။



ဂျက်ဆင်မိုမိုအာနှင့် လီဆာဘိုးနက်တို့ ၂၀၂၂ ခုနှစ်တွင် ကွာရှင်းခဲ့ပြီးနောက် မင်သမီး အီဇာဂွန်ဇလက်ဇ်နှင့် လအနည်းငယ်တွဲခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် ဇာတ်ကား Sweet Girl တွင် အတူသရုပ်ဆောင်ခဲ့သည့် အက်ဒရီယာအာဂျိုနာနှင့် အချစ်သစ်တွေ့ခဲ့ကြကြောင်း ချပြထားသည်။

မကြာမီက ဂျပန်နိုင်ငံသို့ အတူ ခရီးထွက်ခဲ့သော ပုံများ လူမှုကွန်ရက်တွင်စတင်၍ ပရိသတ်ကို ချပြခဲ့ရာ ဘင်ဒရီယာ အာဂျိုနာမှာလည်း ၂၀၁၉ ခုနှစ်တွင် အက်ဂါဒိုကာနေးစ်နှင့်လက်ထပ်ခဲ့ပြီး နောက်အနုပညာလုပ်ငန်းများနှင့် လမ်းခွဲခဲ့ပြီးမှ ဂျေဆင်မိုမိုအာနှင့်လက်တွဲ၍ အနုပညာခရီးကို လျှောက်လှမ်းနေကြသည်။

(SKY)

## Byeon Woo Seok က Lovely Runner နှင့် ရေပန်းစားလာ

မော်ဒယ်လ်၊ သရုပ်ဆောင်၊ အဆိုတော် မြောင်းအူဆော့သည် Lovely Runer နှင့် ရေပန်းစားခဲ့ပြီး ပြည်သူ့အချစ်ဦးဟု အမည်တပ်ခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပြည်သူ့အချစ်ဦး အမည်တပ်ခံရသူများမှာ မင်းသမီးများသာရလေ့ရှိပြီး လူငယ်ပိုင်း ဇာတ်ကောင်တွင် ယူနီဖောင်းဝတ်ဇာတ်ကောင်သာရလေ့ရှိရာမှ မြောင်းအူဆော့က ထူးခြားစွာ ရရှိသွားခဲ့သည်။



မော်ဒယ်လ်လုပ်သက်ဆယ်နှစ်ကျော်၊ သရုပ်ဆောင်သက်တမ်းရှစ်နှစ်ကျော်နှင့် ပြိုင်ပွဲများစွာတွင် ကျရှုံး၍ ခက်ခဲခဲ့ပြီး ယင်းဇာတ်ကားကို သုံးနှစ်ကြာမှ သူ့ထံရောက်လာခဲ့၍ ဆုလာဒ်တစ်ခုအဖြစ် ကျေးဇူးတင်သည်ဟု မြောင်းအူဆော့က You Quiz on the Block တွင် ပြောကြားထားသည်။

အောင်းစီကပါ နာမည်ရင်း မခေါ်တော့ဘဲ ဇာတ်ကောင်အမည်ကို ခေါ်ဆိုခဲ့ကြပြီး ယင်းကားအောင်မြင်မှုအတွက် ဇာတ်လမ်းကမ်းလှမ်းမှုနှစ်ဆယ်နီးပါးရှိခဲ့သည်ဟု မျိုးဆက်သစ်ကြယ်ပွင့်လေးက ဝေမျှပြောကြားထားသည်။

(SKY)

## Billie English က ဂီတပွဲများအပေါ် သူ့အမြင်ကို ပြောကြားထား



ဟောလိဝုဒ်အဆိုတော် ဘီလီအင်္ဂလိပ်ရှ်က ဂီတပွဲများပြုလုပ်ရာတွင် သုံးနာရီကျော်ကြာမြင့်မှုအပေါ် သူ့အမြင်ကို ပြောကြားထား၍ ပရိသတ်ကြား ရေပန်းစားမှုဖြစ်နေသည်ဟု ဟောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီလီအင်္ဂလိပ်ရှ်က သုံးနာရီကျော်ကြာမြင့်သည့် ဂီတဖျော်ဖြေပွဲများကို မည်သူမှ မလိုချင်သကဲ့သို့ သူ့အနေနှင့်လည်း မလိုချင်ကြောင်း အကြိုက်ဆုံး အဆိုတော်ဖျော်ဖြေလျှင်ပင် သုံးနာရီကြာ သီဆိုမှုကို မကြားချင်အောင် ဖြစ်ရသည်မှာ အချိန်ကြာလွန်း၍ဟု ဆိုသည်။

လက်ရှိကမ္ဘာ့လှည့်ဖျော်ဖြေနေသည့် အနုပညာရှင် ဘီယွန်ဆေးနှင့် တေလာဆွစ်တို့ပွဲမှာ သုံးနာရီကျော်ကြာမြင့်သည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မ်ရန်ခန်း လျှို့ဝှက်ချက်ပေါက်ကြားစေမှုမှ လွတ်မြောက်

**အစ္စလာမ္မာဘတ် ဇွန် ၄**

အသက် ၇၁ နှစ်အရွယ် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မ်ရန်ခန်းသည် ၎င်းစွဲဆိုခံထားရသည့် နိုင်ငံတော်လျှို့ဝှက်ချက်ပေါက်ကြားစေမှုမှ ဇွန် ၃ ရက်တွင် တရားသေလွတ်မြောက်လာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းသည် ၂၀၂၂ ခုနှစ်က သံတမန်ဆက်သွယ်ရေးလိုင်းကို မဆင်မခြင်သုံးစွဲခြင်းဖြင့် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခံရပြီး တရားရုံးက ၎င်းကို ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထိုစွဲချက်မှ ၎င်းကို ယခု တရားသေလွတ်လိုက်ပြီဖြစ်သော်လည်း ကျန်အမှုများကြောင့် ကျခံနေရသော ထောင်ဒဏ်များ မပြည့်သေးသဖြင့် အကျဉ်းထောင်ထဲတွင် အင်မ်ရန်ခန်း ဆက်လက်ရှိနေဦးမည်ဟု ဆိုသည်။

နာမည်ကျော် ခရစ်ကက်အားကစားသမားဘဝမှ ဝန်ကြီးချုပ်ဖြစ်လာခဲ့သော အင်မ်ရန်ခန်း ထောင်ဒဏ်ကျခံနေရဆဲဖြစ်သော်လည်း ၎င်း၏ နိုင်ငံရေးပုံရိပ်သည် ယနေ့ထက်တိုင် သြဇာကြီးမားနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



ဇွန် ၄ ရက်က ထပ်မံပေါက်ကွဲပြီး ပြာမှုန်များ မှုတ်ထုတ်နေသော အင်ဒိုနီးရှားနိုင်ငံမှ အီဘူမီးတောင်ကြီးကို တွေ့ရစဉ်။Mon

## ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေးအစီအစဉ် အစ္စရေး-ဟားမတ်စ် ရှင်သန်ရေးအဖြစ် ပြောင်းလဲလာ

**ဂျေရုဆလင် ဇွန် ၄**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအစီအစဉ်သည် အစ္စရေး-ဟားမတ်စ် ရှင်သန်ရေးအဖြစ် ပြောင်းလဲလာသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းအပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ထောက်ခံကာ ဟားမတ်စ်တို့ကို လက်ခံသဘောတူရန် စည်းရုံးနေဆဲပင်ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးသည် လက်ရှိဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါ၏ အသက်နှင့် ခန္ဓာတည်တံ့ရှင်သန်ရေးအတွက် များစွာအထောက်အပံ့ဖြစ်လိမ့်မည်။

အစ္စရေးဘက်ခြမ်းတွင် ထိုအပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ အုပ်စုနှစ်စုကွဲနေသော်လည်း ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု၏ နိုင်ငံရေးဘဝ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အရေးပါနေပြန်သည်။

စစ်ရေးနည်းလမ်းဖြင့် ဟားမတ်စ်တို့ကို အမြစ်ပြတ်သုတ်သင်ချေမှုန်းနိုင်မည်မဟုတ်ဟု အမေရိကန်က ရှုမြင်လျက်ရှိရာ နောက်ပိုင်းတွင် အပစ်အခတ်ရပ်စဲမှု အကောင်အထည်ပေါ်လာနိုင်သည်ဟု ထင်မြင်ယူဆသူများ ရှိနေကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်လာရောက်

**ဖနွမ်းပင် ဇွန် ၄**

အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် ကမ္ဘောဒီးယားနိုင်ငံသို့ ဇွန် ၄ ရက်တွင် ချစ်ကြည်ရေးအလည်အပတ်လာရောက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



၎င်းကို လက်ရှိပါလီမန်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်က ပါလီမန်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေးဆွေးနွေးခဲ့ကြောင်း ကမ္ဘောဒီးယားအစိုးရသတင်းမီဒီယာများ၌ ဖော်ပြသည်။

စင်ကာပူနိုင်ငံ၌ လက်ခံကျင်းပသော ရှန်ဂရီလာလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ပြီး အပြန်ခရီးတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် ကမ္ဘောဒီးယားနိုင်ငံသို့ တစ်ရက်ကြာ အလည်အပတ်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်ကလည်း ၎င်းကို လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံ လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးချုပ်ဟွန်မာနက်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့ နှစ်ဦးသည် အမေရိကန်ပြည်ထောင်စုရှိ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

**Mon**

## သြစတြေးလျနိုင်ငံ၌ စစ်သည်အင်အားတိုးမြှင့်လိုသဖြင့် မဟာမိတ်နိုင်ငံများမှ တပ်သားသစ်များကို လက်ခံမည်

**ကင်ဘာရာ ဇွန် ၄**

သြစတြေးလျနိုင်ငံ၌ စစ်သည်အင်အားတိုးမြှင့်လိုသဖြင့် မဟာမိတ်နိုင်ငံများမှ တပ်သားသစ်များကို လက်ခံသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



သြစတြေးလျနိုင်ငံတွင် အမြဲတမ်းနေထိုင်သူအဖြစ်ရှိနေကြသော နယူးဇီလန်နိုင်ငံသားများ အနေဖြင့် လာမည့်ဇူလိုင်လအတွင်း သြစတြေးလျစစ်တပ်ထဲသို့ တပ်သားသစ်များအဖြစ် စတင်ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်တော့မည်ဟု ဆိုသည်။

လာမည့်နှစ်တွင်မူ မိမိတို့စစ်တပ်က ဗြိတိန်၊ အမေရိကန်၊ ကနေဒါနိုင်ငံများမှ တပ်သားသစ်များကို တိုးမြှင့်လက်ခံသွားရန် စီစဉ်ထားကြောင်း သြစတြေးလျကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလက်စ်က ထုတ်ဖော်ပြောကြားသည်။

သြစတြေးလျနှင့် နယူးဇီလန်နှစ်နိုင်ငံသည် ပထမကမ္ဘာစစ်ကာလကတည်းက မဟာမိတ်အဖြစ် လက်တွဲတိုက်ပွဲဝင်ခဲ့ကြသကဲ့သို့ ဗြိတိန်၊ အမေရိကန်၊ ကနေဒါနိုင်ငံများနှင့်လည်း မဟာမိတ်ဖြစ်သည်။

သြစတြေးလျ၊ ဗြိတိန်၊ အမေရိကန်၊ ကနေဒါနှင့် နယူးဇီလန်ငါးနိုင်ငံကို ပဉ္စမျက်လုံးမဟာမိတ်အုပ်စုဟု ခေါ်ဆိုကြကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံမှ လဆင်းယာဉ် ချန်ဂီ ၆ ကမ္ဘာမြေသို့ ပြန်လာနေပြီ

**ပေကျင်း ဇွန် ၄**

တရုတ်နိုင်ငံမှလွှတ်တင်ကာ လ၏တစ်ဖက်ခြမ်းသို့ အောင်မြင်စွာ ဆင်းသက်ရောက်ရှိခဲ့သည့် လဆင်းယာဉ် ချန်ဂီ ၆ ကမ္ဘာမြေသို့ ပြန်လာနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုတရုတ်လဆင်းယာဉ်သည် လ၏မြေသားနမူနာများကို စုဆောင်းရယူကာ ရက်အနည်းငယ်အတွင်း ပြန်ရောက်လာမည်ဟု မျှော်မှန်းထားသည်။

လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံက လပေါ်သို့ အာကာသယာဉ်မှူးပို့လွှတ်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

**Mon**

STOP AIDS



## အိန္ဒိယနိုင်ငံအရှေ့ပိုင်း ပါလာမူခရိုင်အတွင်း မျောက်အကောင်ရေ ၄၀ ရေတွင်းထဲ ပြုတ်ကျ

**ဒေလီ ဇွန် ၄**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဂျာခန်းပြည်နယ်၊ ပါလာမူခရိုင်အတွင်း မကြာသေးမီက မျောက်အကောင်ရေ ၄၀ ရေတွင်းထဲ ပြုတ်ကျပြီး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အပူလှိုင်းဒဏ်ကြောင့် အိန္ဒိယနိုင်ငံအနှံ့အပြားတွင် မြစ်၊ ချောင်းများ၌ ရေခန်းခြောက်ကာ သောက်သုံးရေ ရှားပါးပြတ်လပ်ခဲ့သည်။

တောရိုင်းတိရစ္ဆာန်ဖြစ်သည့် မျောက်များအတွက်လည်း သောက်စရာရေမရှိတော့သဖြင့် ရေလိုက်ရှာရင်း ရေတွင်းထဲရှိ ရေကို သောက်ရန် ခုန်ဆင်းကြရင်း ရေနစ်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့်ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်၌ ပလတ်စတစ်ပုံးဖြင့်ထည့်၍မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်မဖြစ်စေရေး သက်မဲ့ပြုလုပ်သိမ်းဆည်း

နေပြည်တော် ဇွန် ၄

ရန်ကုန်- မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သိမ်ဆိပ်နှင့် ဒုံဝန်းအကြား မိုင်တိုင်အမှတ်(၁၂/၁၄) ရထားလမ်းပေါ်၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပလတ်စတစ်ပုံးဖြင့်ထည့်၍ မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းအား တာဝန်ကျဝန်ထမ်း တစ်ဦးက တွေ့ရှိသဖြင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ ထံ သတင်းပို့ခဲ့သည်။

**မိုင်းအားရှင်းလင်း**

မိုင်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ရောက်ရှိလာပြီး အဆိုပါမိုင်းအားရှင်းလင်းခဲ့ရာ သိမ်ဆိပ်-ဒုံဝန်းလမ်းပိုင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိ အမှတ်(၈၁)အဆန် လူစီးအမြန်ရထားသည် နှင်းပုလဲဘူတာသို့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိရပ်တန့်ခဲ့ရပြီး မိုင်းရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်၍ညနေ ၄ နာရီခွဲမှ ပြန်လည်ထွက်ခွာနိုင်ခဲ့သဖြင့် အဆိုပါရထားသည် ၃နာရီ မိနစ် ၂၀ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ရသည်။

ထို့အတူ အမှတ်(၆၈၅) ကျောက်ရထားသည် သိမ်ဆိပ်သို့ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၈၇)ကျောက်ရထားသည် ဒုံဝန်းသို့ ၁၂ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၂၇၁) ကုန်ရထားသည် ကျိုက်ထိုဘူတာသို့ ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း အသီးသီးရပ်တန့်စောင့်ဆိုင်းခြင်းပြုလုပ်ခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ ဖျက်ဆီးခြင်း ၂၀၆ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၆၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၄၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

**အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေ**

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း နှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း အပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်၌ ပလတ်စတစ်ပုံးဖြင့်ထည့်၍မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းကို တွေ့ရစဉ်။



ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့်ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်၌ ပလတ်စတစ်ပုံးနှင့်ထည့်၍မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့အချင်းချင်းပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း မေ ၂၈ ရက်တွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ အချင်းချင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်အဖွဲ့များနှင့် မိသားစုဝင်များ သေဆုံး/ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုခရိုင်အတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးသည် မေ ၂၈ ရက် နံနက်ပိုင်းတွင် ဒီပဲယင်းမြို့နယ် တည်တောကျေးရွာရှိ ၎င်းတို့၏မိဘများထံသို့ လာရောက်စဉ် ကျေးရွာအဝင်၌ ဒီပဲယင်းမြို့နယ်ရှိ ဒေသခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် စကားများရာမှ ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ရွှေဘိုခရိုင်အတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးနှင့် မိသားစုဝင် လေးဦး စုစုပေါင်း ငါးဦး သေဆုံးကာ PDF အမည်ခံအကြမ်းဖက်သမား တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

ထိုသို့ ထွက်ပြေးလွတ်မြောက်သွားသူက ၎င်း၏ ခေါင်းဆောင်ဖြစ်သူအား သတင်းပို့တိုင်ကြားခဲ့ရာ ခေါင်းဆောင်ဖြစ်သူက တည်တောကျေးရွာသို့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် လာရောက်ရာမှ ဒီပဲယင်းမြို့နယ်ရှိ ဒေသခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထပ်မံပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး PDF အမည်ခံအကြမ်းဖက်သမားသုံးဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် လက်နက်အားကိုးဖြင့် ပြည်သူလူထုအပေါ် အနိုင်ကျင့်ဗိုလ်ကျခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသူများအား အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် PDF



အမည်ခံ အကြမ်းဖက်အဖွဲ့အချင်းချင်းသည်လည်း နယ်မြေလုခြင်း၊ အာဏာလုခြင်း၊ ဆက်ကြေးငွေများကို အလွဲသုံးစားပြုလုပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး အချင်းချင်းအနိုင်ကျင့်ဗိုလ်ကျ သတ်ဖြတ်မှုများလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသံချဲ့စက်ဖြင့် အသိပညာပေး လှည့်လည်နှိုးဆော်

**မန္တလေး ဇွန် ၄**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက် အရန်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပြုရမည့် အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းအား ဇွန် ၃ ရက် ညနေ ၆ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ရာ နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများထားရှိရေး၊ မီးသွေးမီးဖိုဖြင့် ထမင်းဟင်းချက်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျ ငြိမ်းသတ်ထားရန်၊ မီးလောင်မှု၊ မီးလန့်မှုဖြစ်ပေါ်ပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်သည့် နည်းလမ်းများ စနစ်တကျရှိရေး စသည့် အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၇)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် စစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာဖြစ်စဉ်နှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ စစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာ ကိစ္စနဲ့ပတ်သက်ပြီး မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေတာကို တွေ့ရပါတယ်။ ဒီစစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာရဲ့မြောက်ဘက်မှာ ရှိနေတဲ့ ကံပြင်ရွာဟောင်း၊ ကံပြင်ရွာသစ်ပေါ့။ ဗျိုင်းဖြူကျေးရွာဟာလည်း စစ်တွေမြို့နယ်ရဲ့မြောက်ဘက်မှာပဲရှိတာပါပဲ။ ဒီရွာတွေကနေပြီးတော့ AA အကြမ်းဖက်သောင်းကျန်းသူတွေ ခိုအောင်းပြီးတော့ စစ်တွေမြို့ထဲကို Drone တွေနဲ့ Drop Bomb လာချတာတွေ၊ အဝေးကနေ လက်နက်ကြီးနဲ့ ရမ်းသန်းပစ်ခတ်တာတွေကို ယခင်ကတည်းကတိုင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ဗျိုင်းဖြူကျေးရွာ၊ ခုနကပြောတဲ့ကံပြင်ရွာဟောင်း၊ ကံပြင်ရွာသစ်မှာ AA အကြမ်းဖက်သောင်းကျန်းသူတွေ ရောက်ရှိနေတယ်ဆိုတဲ့ ဒေသခံတွေရဲ့ မြေပြင်သတင်းပေးချက်အရ တပ်မတော်အနေနဲ့ မေလ ၂၉ ရက်နေ့မှာ ဗျိုင်းဖြူကျေးရွာမှာ ဝင်ရောက်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့တယ်။ နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့တဲ့နေရာမှာ ရွာထဲဝင်သွားတုန်းကတော့ အေးအေးဆေးဆေးပါပဲ။ ရွာထဲမှာ ရောက်တဲ့အခါမှာ ရွာသားမဟုတ်တဲ့ မသင်္ကာတဲ့လူတွေကို ခေါ်ယူမေးမြန်းနေတယ်။ ခေါ်ယူမေးမြန်းနေတဲ့ အချိန်မှာပဲ ဗျိုင်းဖြူရွာသားမဟုတ်တဲ့ ရွာသားသုံးဦးပေါ့။ ဗျိုင်းဖြူရွာသားမဟုတ်တာတော့ သေချာတယ်။ အဲဒီလူသုံးယောက်က လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ယောက်ရဲ့ သေနတ်ကို လုယူပြီး ရန်ပြုဖို့ကြိုးစားတယ်။ ဒါကြောင့်မို့လို့ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပစ်ခတ်ခဲ့ရတယ်။ ပစ်ခတ်ခဲ့တဲ့နေရာမှာ ခုနက သေနတ်လုယူတဲ့ အမျိုးသား သုံးဦးသေဆုံးခဲ့တာရှိတယ်။ အဲဒီအထဲမှာ မသင်္ကာတဲ့သူ လူ ၂၀ လောက်ကိုခေါ်ယူထိန်းသိမ်းပြီးတော့မှ စစ်ဆေးလျက်ရှိတယ်။ အဲဒီအထဲမှာပါတဲ့ AA ရဲ့ ယုတ်မာကောက်ကျစ်ပြီး ဝါဒဖြန့်မှုဖြစ်တဲ့ လူ ၄၀ လောက် သေဆုံးတယ်တို့၊ အမျိုးသမီးတွေကို အဓမ္မပြုကျင့်သွားတယ်ဆိုတဲ့ ကိစ္စမျိုးဖြစ်ပျက်ခဲ့ခြင်းမရှိပါဘူး။ AA အနေနဲ့ ဒါတွေဘာလို့လုပ်သလဲဆိုတော့ AA အနေနဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်အတွင်းမှာ ဘင်္ဂါလီတွေကို သတ်ဖြတ်ခဲ့တယ်။ ဘင်္ဂါလီတွေရဲ့ အိမ်တွေကို မီးရှို့ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ လူ့အခွင့်အရေးအဖွဲ့အစည်း




တွေ၊ မီဒီယာတွေ၊ ကမ္ဘာ့အဖွဲ့အစည်းအချို့က၊ နိုင်ငံတကာအဖွဲ့အစည်းအချို့က သူတို့ကို ဖိအားပေးတဲ့အချိန်မှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းသာ ဖြစ်ပါတယ်။

ဘူးသီးတောင်မြို့မှာဆိုရင် မေလ ၁၇ ရက်နေ့၊ ၁၈ ရက်နေ့ အဆိုးဆုံးပါပဲ။ မေလ ၁၇ ရက်နေ့ ည ၉ နာရီခွဲလောက်ကဆိုရင် AA အနေနဲ့ ဘူးသီးတောင်မြို့ထဲကို ဝင်ရောက်လာတဲ့အကြောင်း သတင်းရတယ်။ ပြီးရင် ဘင်္ဂါလီတွေရဲ့ နေအိမ်တွေကို မီးရှို့ခဲ့ပြီး ဘင်္ဂါလီအားလုံးကို ထွက်သွားဖို့ဆိုပြီး နှင်ထုတ်ခဲ့တာမျိုးရှိပါတယ်။ ဒါ့အပြင် ဘူးသီးတောင်နားလေးမှာရှိတဲ့ ကျေးရွာတွေ အိုးသည်ရွာတို့၊ ပြီးရင် ဘူးသီးတောင် အရှေ့ဘက်မှာရှိတဲ့ရွာတို့ အားလုံးကို ဘင်္ဂါလီတွေရဲ့ရွာတွေကို မီးရှို့ခဲ့တာဖြစ်တယ်။ ဒါ့အပြင် အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွေရှိတယ်ဆိုတဲ့ သတင်းတွေလည်း ရရှိပါတယ်။ အထောက်အထား ခိုင်လုံစွာနဲ့ ရရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဖုံးကွယ်ဖို့အတွက် လုပ်ဆောင်နေတာဖြစ်တယ်။ ဒါကို ကျွန်တော် ယခင်တစ်ခါလည်းပြောခဲ့ပြီးပါပြီ၊ AA အနေနဲ့က တစ်ဖက်သတ် အစွန်းရောက်လူမျိုးရေးခွဲခြားမှု၊ တစ်ဖက်သတ် အစွန်းရောက် လူမျိုးရေးလှုံ့ဆော်မှုတွေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တည့်တည့်ပြောရရင် ဒီ AA အဖွဲ့အစည်းဟာ ဗမာမုန်းတီးရေး၊ ဘင်္ဂါလီမုန်းတီးရေး။ ဒါ့အပြင် အဲဒီမှာရှိနေတဲ့ လူမျိုးစုငယ်တွေဖြစ်တဲ့ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်စတဲ့ တိုင်းရင်းသားလူမျိုးစုတွေကိုပါ မုန်းတီးရေးလုပ်နေတဲ့ အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးနဲ့ရပ်တည်နေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

ယခင်ကလည်း ကျွန်တော်တို့ AA ကနေပြီး AA တပ်ဖွဲ့ဝင်တွေ၊ AA ကိုထောက်ပံ့နေတဲ့အဖွဲ့တွေရဲ့ မူးယစ်ဆေးဝါးသယ်ဆောင်မှုတွေ၊ ဖြန့်ဖြူးမှုတွေ အကြောင်း ပြောခဲ့ပြီးပါပြီ။ အခုအနီးဆုံးအနေနဲ့ မတ်လ ၂၁ ရက်နေ့မှာဆိုရင် AA ရဲ့ ထောက်ပံ့ရေးတာဝန်ခံ တရားခံပြေး သန့်ဇင်ဦးက ဘူးသီးတောင်မြို့မှာနေတဲ့ AA သောင်းကျန်းသူအဖွဲ့ရဲ့ထောက်ပံ့ရေးတာဝန်ခံ တရားခံပြေး မေယုထွန်းနဲ့ ချိတ်ဆက်ပြီးတော့ မူးယစ်ဆေးဝါးတွေ ရန်ကုန်ကနေတစ်ဆင့် စစ်တွေ ဘူးသီးတောင်ကိုပို့ဆောင်ဖို့ လုပ်ဆောင်နေတဲ့အကြောင်း တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ ရန်ကုန် တာမွေမြို့နယ်မှာ ဝင်ရောက်ဖမ်းဆီးခဲ့တယ်။ တရားခံ ထွန်းသိန်းအောင်နဲ့ သူ့ရဲ့ ဇနီး နှစ်ယောက်ဖမ်းမိပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက်အရ ကျွန်တော်တို့ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းမှာရှိတဲ့ အမှတ်(၂) တံတားမှာ စိုက်ကပ်ထားတဲ့ ရန်ကုန်-စစ်တွေ ပြေးဆွဲနေတဲ့ အမ်ဗွီ-စိန်ပြည့်မင်း ကုန်တင်သင်္ဘောကို ဝင်ရောက်စစ်ဆေးတဲ့အခါမှာ စက္ကူဖာတွေ အတွင်းက WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းနဲ့ ကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံခန့် ဖမ်းဆီးရရှိခဲ့တာဖြစ်တယ်။ သူတို့ကို ကျွန်တော်တို့ ဖမ်းဆီးတဲ့နေရာမှာ စစ်တွေမြို့ ဘောက်သီးစုရပ်ကွက်မှာရှိတဲ့ တရားခံပြေး သန့်ဇင်ဦးကနေ ရန်ကုန်ကနေ စစ်တွေကို ပို့ပေးရင် ငွေပေးမယ်ဆိုပြီး သဘောတူလက်ခံခဲ့တာဖြစ်တယ်။ ပြီးရင် ဒီအမ်ဗွီ-စိန်ပြည့်မင်း သင်္ဘောပေါ်မှာတင်ခဲ့တာဖြစ်တယ်။

၂၀၁၆ ခုနှစ်ကနေ ဒီမတ်လအတွင်း AA သောင်းကျန်းသူအဖွဲ့နဲ့ဆက်စပ်တဲ့ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ၉ ကြိမ်ရှိခဲ့တယ်။ မူးယစ်ဆေးဝါးကာလတန်ဖိုး ငွေကျပ် ၂၉၄ ဒသမ ၈၂ ဘီလီယံဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မေလ ၂၉ ရက်နေ့မှာလည်း AA အကြမ်းဖက်အဖွဲ့ကို ပို့မယ့် ရန်ကုန်ကနေ ပြည်ကို မောင်းနှင်လာတဲ့ မော်တော်ယာဉ်တစ်စီးပေါ့။ အဲဒီမှာ ထွန်းထွန်းဝင်း၊ တေဇ သူတို့သယ်ဆောင်လာတဲ့ အုတ်ခဲတွေနဲ့ရော သယ်ဆောင်လာတဲ့ ကားတစ်စီးကို စစ်ဆေးခဲ့တယ်။ အဲဒီမှာ WY စာတန်းပါ မူးယစ်ဆေးဝါး အုတ်ခဲပုံအထုပ် ၂၀ စီပါတဲ့ အိတ် ၁၀ အိတ်၊ အုတ်ခဲပုံအထုပ် ၁၀ ခုစီပါတဲ့ အိတ် ၉ အိတ် WY စာတန်းပါ ဆေးပြားစုစုပေါင်း ၂၉ သိန်း၊ ကာလတန်ဖိုးငွေကျပ် သိန်း နှစ်သောင်းလောက် ဖမ်းဆီးရမိခဲ့ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူတွေ အနေနဲ့ ခုနကပြောသလို လူမျိုးရေးအစွန်းရောက်လှုံ့ဆော်မှုတွေ၊ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွေ၊ မီးရှို့ ဖျက်ဆီးမှုတွေကို ရခိုင်ပြည်နယ်အတွင်းမှာ လုပ်ဆောင်နေတဲ့အပြင် ရခိုင်ပြည်နယ်အတွင်းမှာ တစ်မျိုးသားလုံးလူညွန့်တုံးစေဖို့ မူးယစ်ဆေးဝါး ရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ တိုင်းရင်းသားမိဘညီအစ်ကို မောင်နှမများ ပြည်သူများအနေနဲ့ သူတို့ရဲ့ အစွန်းရောက်လုပ်ရပ်တွေ၊ ရခိုင်တစ်မျိုးသားလုံးကို လူညွန့်တုံးစေမယ့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ ဒီအကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့ကို သတိရှိဖို့လိုပါတယ်။ ဒီဟာတွေကို ဆောင်ရွက်နေခြင်းဟာ ရခိုင်ပြည်နယ် ရခိုင်ပြည်သူလူထု၊ ကျွန်တော်တို့ မြန်မာနိုင်ငံ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့် လုပ်ငန်းတွေပဲဖြစ်လို့ အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ သတိပေးပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင်အရှိန်မထိန်းနိုင်၍ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**မန္တလေး ဇွန် ၄**

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၃၄၆-၆/၆)ဖာလုံကြားတွင် ဇွန် ၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် စကားအင်းအမြန်လမ်း မီးသတ်စခန်းတာဝန်ခံနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ စကားအင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်ခဲ့သည်။

ဖြစ်စဉ်မှာ မိတ္ထီလာဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော Hino Rainbow အမျိုးအစား ခိုပြာရောင်ယာဉ်သည် မောင်းနှင်လာစဉ် အဆိုပါမိုင်တိုင်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်တွင် တိမ်းမှောက်ရပ်တန့်သွားခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသားသုံးဦးအနက် အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တံတားဦးပြည်သူ့ဆေးရုံသို့ပို့ ဆောင်ကူညီပေးခဲ့သည်။



အမြန်လမ်းပေါ်သွားလာနေသော မိဘပြည်သူခရီးသွားများ အဆင်ပြေစေရန်အတွက် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ ၂၄ နာရီ ကူညီဆောင်ရွက်ပေးရန် အသင့်ရှိပြီး ဖုန်း ၀၉-၄၄၄၁၁၁၁၅၀ နှင့် ဖုန်း ၀၉-၄၂၈၉၅၆၁၉၁ တို့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)

## ပင်လောင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီ ၄၅မိနစ်က ပင်လောင်းမြို့နယ်၊လိန်းလီကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် နေဆန်းဦး(ခ)အောင်ကျော့ဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နေဆန်းဦး(ခ)အောင်ကျော့(၃၀)နှစ်ဆိုသူအား ဖိုကုန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြအီတာလီယာနို ဖီအိုရင်တီးနားအသင်းနှင့် လမ်းခွဲ



**တူရင် ဇွန် ၄**

ဖီအိုရင်တီးနားအသင်းသည် အသင်းနည်းပြ အီတာလီယာနိုနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဖီအိုရင်တီးနားအသင်းအား ၂၀၂၁ခုနှစ် ဇွန် ၃၀က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၆၂ပွဲတွင် ၇၇ပွဲနိုင်၊ ၃၆ပွဲသရေ၊ ၄၉ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားပြီး အသင်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်း ထုတ်ပြန်ချက်တွင် နည်းပြအီတာလီယာနိုနှင့် လမ်းခွဲခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)



## နည်းပြ မိုက်ကယ်ကာရစ် မစ်ဒယ်ဘရော့အသင်းနှင့် ၂၀၂၇ခုနှစ်အထိ စာချုပ်သစ်ချုပ်ဆို

**လန်ဒန် ဇွန် ၄**

မစ်ဒယ်ဘရော့အသင်းသည် အသင်းနည်းပြ မိုက်ကယ်ကာရစ်အား ၂၀၂၇ခုနှစ်အထိ စာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် မစ်ဒယ်ဘရော့အသင်းအား ၂၀၂၂ခုနှစ် အောက်တိုဘာလက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၈၇ပွဲတွင် ၄၄ပွဲနိုင်၊ ၁၄ပွဲသရေ၊ ၂၉ပွဲရှုံးဖြင့် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သစ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၄၂)နှစ်အရွယ်ရှိ မိုက်ကယ်ကာရစ်က "ကျွန်တော် အသင်းနဲ့ စာချုပ်သစ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းက ကျွန်တော့်ရဲ့ အိမ်ပါပဲ။ လာမည့် ဘောလုံးရာသီမှာ ဒီအသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် အစွမ်းကုန် ကြိုးစားသွားမှာပါ။ ကျွန်တော်ကို ယုံကြည်ပေးတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ် ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ကွန်ညာအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်



**မန်ချက်စတာ ဇွန် ၄**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဝုဖ်အသင်း တိုက်စစ်မှူး ကွန်ညာအား စတာလင်ပေါင် သန်း၆၀ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဝုဖ်အသင်းကလည်း ကွန်ညာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဝုဖ်အသင်းထံမှ ကွန်ညာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ယာပုံ)

(NGB)

## ဂိုးဂိုမက်ဇ်အား လီဗာပူးအသင်း ရောင်းချသွားမည်

**လန်ဒန် ဇွန် ၄**

လီဗာပူးအသင်းသည် အသင်းနောက်ခံကစားသမား ဂိုးဂိုမက်ဇ်အား လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ရောင်းချသွားမည်ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဆော်ဒီလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



နောက်ခံကစားသမား ဂိုးဂိုမက်ဇ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၄ပွဲ ကစားပြီး ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဂိုးဂိုမက်ဇ်အနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် လီဗာပူးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)



## အင်္ဂလန်အသင်းက ဘော့စနီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၄**

နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် ဘော့စနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ဘော့စနီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၆၀မိနစ်တွင် ကိုးလ်ပါးမား၊ ပွဲချိန် ၈၅မိနစ်တွင် အလက်ဇန္ဒား အာနိုးလ်၊ ပွဲချိန် ၈၉မိနစ်တွင် ဟယ်ရီကိန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၈ရက်တွင် အိုက်စလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## နည်းပြ အန်ဇိုမာရက်စ်ကာအား နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်းခန့်အပ်

**လန်ဒန် ဇွန် ၄**

ချဲလ်ဆီးအသင်းသည် အသင်းနည်းပြသစ်အဖြစ် လက်စတာစီးတီးအသင်းနည်းပြ အန်ဇိုမာရက်စ်ကာအား ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ချဲလ်ဆီးအသင်းနှင့်အတူ ၅နှစ်+၁နှစ် ထပ်မံသက်တမ်းတိုးခွင့်ရှိသည့် စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ အန်ဇိုမာရက်စ်ကာသည် လက်စတာ၊ ပါးမားစသည့် ကလပ်အသင်းများအား ကိုင်တွယ်ခဲ့ပြီးအတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ချဲလ်ဆီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၄)နှစ်အရွယ်ရှိ အန်ဇိုမာရက်စ်ကာက "ကျွန်တော် အခုလို ချဲလ်ဆီးအသင်း နည်းပြအဖြစ်ဆောင်ရွက်ခွင့်ရလို့ အလွန်ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ချဲလ်ဆီးအသင်း အောင်မြင်ဖို့လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ ဟု ပြောသည်။

(အောက်ပုံ)(NGB)




## 2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်

**ပဲရစ် ဇွန် ၄**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်မယ် Anastasia Potapova အား ၆-၀၊၆-၀ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ချက်တင်းနစ်မယ် Marketa Vondrousova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)(NGB)

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၆-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ည ၁၀း၁၀နာရီ | ဆလိုဗက်ကီးယား - ဆမ်မာရီနို |
| ။ | ည၁၁း၁၀နာရီ | ဒိန်းမတ် - ဆွီဒင် |
| ။ | ။ | နော်ဝေ - ကိုဆိုဗို |
| ၆-၆-၂၀၂၄ ကြာသပတေးနေ့ | နံနက်၀၁း၀၀နာရီ | ဘယ်လ်ဂျီယံ - မွန်တီနီဂရိုး |
| ။ | နံနက်၀၁း၁၀နာရီ | ပြင်သစ် - လူဇင်ဘတ် |
| ။ | နံနက်၀၂း၀၀နာရီ | စပိန် - အန်ဒိုရာ |
| ။ | နံနက်၀၇း၁၀နာရီ | မက္ကဆီကို - ဥရုဂွေး |

အားကစား မြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး။

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်(လလ-၆၈)၊ ၁၃၉လမ်းနှင့် လမ်း၁၄၀ကြားတွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၅ ရက်တွင် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ကြေးလက်ဆက်ဘုရားဝင်း၊ တရုတ်တန်းလမ်းနှင့် မောင်းတန်းလမ်းဆုံတွင်လည်းကောင်း၊ ဇွန် ၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၄၁၈)၊ အုတ်စက် လှာလယ်မွှာရုံရှေ့၊ ၆၂လမ်း၊ ၁၄ လမ်းအရှေ့ဘက်၊ နဒီမြောင်းအနီးတွင်လည်းကောင်း နေ့စဉ် နံနက် ၆ နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀





# မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံ မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၈)

# တောင်ပေါ်နှင့်မြေပြန့်ဒေသတို့မှထွက်ရှိလာသည့် ပန်းမုန်လာများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၄**

မန္တလေး၊ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံဈေးကွက်သို့ တောင်ပေါ်နှင့် မြေပြန့်ဒေသတို့မှ ထွက်ရှိလာသည့် ပန်းမုန်လာများ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။



လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ ပန်းမုန်လာများနေ့စဉ် ၆ ဘီးကားအစီးရေ ၄ စီးမှ ၅ စီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ပန်းမုန်လာများသည် ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကာ ယခုလက်ရှိ ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် ငွေကျပ် ၁၅၀၀ မှ ၁၇၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

"လက်ရှိမှာ ပန်းမုန်လာက မြေပြန့်ဒေသကထွက်ရှိလာပြီး ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ အောင်ပန်းဒေသကထွက်တဲ့ ပန်းမုန်လာတွေလည်း ဈေးကွက်အတွင်း ဝင်ရောက်လာပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့သီးနှံများဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဘိုစားပဲ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ ကြက်သွန်နီစတဲ့ သီးနှံတွေလည်း အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ပန်းမုန်လာများကို လက်ရှိအချိန်တွင် တောင်ပေါ်နှင့်မြေပြန့်ဒေသများတွင် အဓိကထားစိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ ယင်းသီးနှံသည် ဆယ့်နှစ်လရာသီထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်၍ ရောင်းချပေးနေကြောင်း သိရသည်။

(ပန်းမိုးပြာ)

# ပြောင်းစိုက်ပျိုးမှုအစား ကုန်ကျစရိတ်သက်သာပြီး ဈေးကွက်ရှိသည့် သီးနှံပြောင်းလဲ စိုက်ပျိုးလာ

ယခုနှစ်ရဲ့ ပြောင်းရာသီမှာ ပြောင်းဈေးကျဆင်းပြီး ရှမ်းပြည်နယ်က ပြောင်းစိုက်တောင်သူတွေ အရှုံးကြီးခဲ့တာကြောင့် ယခုနှစ်မှာ ပြောင်းအစားထိုးအဖြစ် အခြားသီးနှံကိုသာ ပြောင်းလဲစိုက်ပျိုးဖို့ လုပ်ဆောင်လာကြသည်။

ပြောင်းစိုက်ပျိုးခြင်းအစား ပဲစင်းငုံ၊ မြေပဲ၊ ဂျင်းတက်(ချင်းတက်) ပန်းနှမ်းအပါအဝင် အစရှိသော သီးနှံအချို့ကို ပြောင်းလဲစိုက်ပျိုးရန် စီစဉ်လာကြတာဖြစ်ပြီး အချို့ကလည်း ပြောင်းကိုပဲ ထပ်မံစိုက်ပျိုးမည့်သူတွေလည်း ရှိနေသည်။

"အဓိကကတော့ ပြောင်းထက် ကုန်ကျစရိတ်နည်းပြီး ဈေးကွက်ရှိမယ့် သီးနှံကိုစိုက်ဖို့တော့ စဉ်းစားထားတယ်။ ပဲစင်းငုံကတော့ဈေးအတော်ကောင်းနေတယ်။ သူက မြေရွေးတယ်။ ဂျင်းတက်ဆိုလည်း ကုန်ကျစရိတ်တော့သက်သာတယ်။သူကလည်း ကျချင်ရင်ထိုးကျတော့ သေချာတော့ စဉ်းစားနေတယ်။ ဘာသီးနှံကိုပြောင်းပြီးစိုက်ရင်ကောင်းမလဲပေါ့"ဟု ရှမ်းမြောက်မှ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။



ပြောင်းဆန် ဈေးကွက်ပေါက်ဈေးမှာ တောင်သူတွေ ရိတ်သိမ်းချိန်ရာသီတုန်းက ရှမ်းပြည်နယ်မှာ တစ်ပိဿာကို ငွေကျပ် ၆၀၀ အထိဈေးကျခဲ့ပြီး လက်ရှိဈေးကောင်းလာချိန်မှာလည်း ရှမ်းမြောက်မှာဆိုရင် တစ်ပိဿာကို ငွေကျပ် ၈၀၀ လောက်သာဈေးရရှိနေသည်။

ရှမ်းပြည်နယ်မှာ ပြောင်းဆန်ဈေးကျဆင်းနေတာသည် အဓိကလမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကုန်ကျစရိတ်များခြင်း၊ ပြောင်းဆန်တွေ တစ်နေရာမှတစ်နေရာကိုသယ်ယူမှုခက်ခဲခြင်း စသည့် အခက်အခဲတွေကြောင့် ကုန်ကျစရိတ်တွေမြင့်တက်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးတန်းအောက်ကို ရောက်ရှိကာ တောင်သူတွေ နစ်နာရတာဖြစ်ကြောင်း ပြောင်းကုန်သည် တစ်ဦးက သုံးသပ်ထားသည်။

"ရှမ်းပြည်နယ်ကတော့ ပြောင်းဈေးကျတာအဓိက ကုန်ကျစရိတ်များတာကိုး၊ ကုန်သည်ကတော့ မန္တလေးဈေးနဲ့တိုက်ပြီး ကုန်ကျစရိတ် ဘာညာအားလုံး နုတ်ပြီးမှပဲ ဈေးပေးဝယ်တာဆိုတော့ ဈေးကမတက်နိုင်ဘူးဖြစ်နေတာပေါ့။ နောက်ဆုံး တောင်သူပဲ အဓိက နစ်နာပါတယ်။ ကုန်သည်ကတော့ ကိုက်မှ ပဲဝယ်တာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဈေးကွက်မှာတော့ ပြောင်းတစ်ပိဿာကို ငွေကျပ် ၁၂၅၀ မှ ၁၂၇၀ အထိရှိပြီး မန္တလေးအရောက်ဈေးက ငွေကျပ် ၁၁၈၀ မှ ၁၂၀၀ ဈေးရှိနေသည်။

ပြောင်းစိုက်တောင်သူတွေအတွက်ကတော့ ကြီးမြင့်လာတဲ့ ကုန်ကျစရိတ်တွေ၊ အလုပ်သမားရှားပါးမှုတွေအပါအဝင် အထွေထွေ ကုန်ကျစရိတ်မြင့်တက်မှုကြောင့် ပြောင်းဆန်တစ်ပိဿာကို ငွေကျပ် ၁၅၀၀ လောက်ရမှသာ အကျိုးအမြတ်ရှိနိုင်မှာဖြစ်သည်။

ဒီနှစ်ကတော့ ပြောင်းဆန်စတင်ပေါ်ချိန်ကတည်းက အခုပြောင်းဆန်ရာသီကုန်သည့် အချိန်ထိကို ပြောင်းဈေးက တစ်ပိဿာငွေကျပ် ၁၂၀၀ အထက်သာရှိပြီး ရှမ်းပြည်မှာအနိမ့်ဆုံး ၆၀၀ ထိရှိခဲ့တာကြောင့် ရှမ်းကပြောင်းစိုက်တောင်သူတွေအတွက် ဆုံးရှုံးနစ်နာမှုတွေရှိခဲ့ကြောင်း သိရသည်။

(ဓဝံ)

ရွှေမန်း

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မြို့သစ် ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ မြို့သစ်မြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ပညာပေးလုပ်ငန်းများကို မြို့သစ်မြို့မဈေး၌ အပတ်စဉ်တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရန်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ မြို့သစ်မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်းဈေးဝယ်သူများနှင့်တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ထိခိုက်ပျက်စီးခြင်းနှင့် ကျန်းမာရေးဘေးထွက်ဆိုးကျိုးများစွာ ဖြစ်စေနိုင်မှုအခြေအနေများကို အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဈေးရောင်းဈေးဝယ်သူများအား သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ပလတ်စတစ်ပစ္စည်း လျှော့ချနိုင်ရေး အစားထိုးအသုံးပြုနိုင်ရန် အင်ဖက်၊ စက္ကူတို့ကို အခမဲ့ ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြပြီး ဈေးဝန်းကျင်သန့်ရှင်းသာယာရေး အလေးထားဆောင်ရွက်ရန် ဈေးတာဝန်ခံနှင့် ဈေးသူ၊ ဈေးသားများကို မှာကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**



# ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဇွန် ၄**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များလိုက်လံငှားရမ်းပေးမှုကို ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ဇွန် ၃ ရက် နံနက်ပိုင်းတွင် မြို့နယ်ရုံးဝန်ထမ်းများက သဲကျွန်းကျေးရွာသို့ သွားရောက်ငှားရမ်းပေးကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၃၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆိုအခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ရှာင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ကာ ပညာသင်ကြားလျက်ရှိ

**ရှာင် ဇွန် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်းရှိ အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်၊ နံနက်ပိုင်း ပုံမှန်ကျောင်းဖွင့်ချိန်မှစ၍ ဖွင့်လှစ်ပညာသင်ကြားလျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးများ အခက်အခဲမရှိ ကျောင်းတက်ရောက် ပညာသင်ကြားနိုင်စေရန် နိုင်ငံတော်မှပံ့ပိုးသော ပုံနှိပ်၊ ဗလာ၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများကို အထက်တန်း၊ အလယ်တန်း၊ မူလတန်း အတန်းလိုက်ကျောင်းသား၊ ကျောင်းသူများကို ထောက်ပံ့ပေးအပ်နိုင်ခဲ့သောကြောင့် အခြေခံပညာကျောင်းများ အသီးသီးအေးချမ်းစွာ ဖွင့်လှစ်ပညာသင်ကြားနိုင်ခဲ့သည်။

ရှာင်မြို့နယ်တွင် ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းပေါင်း ၁၁၈ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း(၁)ကျောင်း၊ ဘုန်းတော်ကြီးပညာသင်ကျောင်း(၁)ကျောင်းရှိရာ ဇွန် ၃ ရက်အထိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ၁၄၃၆ ဦး၊ အလယ်တန်းအဆင့် ၃၁၆၆ ဦး၊ မူလတန်းအဆင့် ၉၉၃၃ ဦး၊ စုစုပေါင်း ၁၄၅၃၅ ဦး၊ ကိုယ်ပိုင်ကျောင်းမှ ထက်အဆင့် ၂၅ ဦး၊ လယ်အဆင့် ၁၁ ဦး၊ မူအဆင့် ၁၂ ဦး၊ စုစုပေါင်း ၄၈ ဦး၊ ဘုန်းတော်ကြီးပညာသင်ကျောင်းတွင် မူအဆင့် ၅၀ ဦး ၊ အားလုံးကျောင်းသား၊ ကျောင်းသူ ၁၄၆၃၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၃၃၈)




# မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျွန်းလှ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ်၊ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပျိုးပင်များပေးအပ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ သစ်ပင်များ စိုက်ပျိုးပေးပြီး လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း(၁၀၀)၊တမာ(၁၀၀)၊ ပျဉ်းကတိုး (၁၀၀)၊ ခရေ(၁၀၀)၊ စွယ်တော်(၁၀၀)၊ စုစုပေါင်း ပျိုးပင်မျိုးစုံ(၅၀၀) စိုက်ပျိုးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ မိုးရာသီ၌ ကျွန်း၊ တမာ၊ ပျဉ်းကတိုး၊ ခရေ၊ စွယ်တော်နှင့် ယူကလစ် ပျိုးပင်မျိုးစုံ(၂၀၀၀၀) ပျိုးထောင်ထားကြောင်း၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လမ်းဘေးဝဲယာနှင့် ပြည်သူလူထု ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ (၄၈၀)

# သင်္ဂဇာချောင်း၊ ကန်တော်ကြီး၊ တောင်သမန်ကန်နှင့် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ချမ်းအေးသာစံမြို့နယ်သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအရှေ့ဘက်ပတ်လမ်း လမ်း၃၀နှင့်၃၁လမ်းကြားချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦး၊ ဘက်ဟိုးစက်တစ်စီးနှင့် မော်ဆယ်စက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြရာ တန် ၈၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်နှစ်စီးဖြင့် ဖြတ်တောက်ဆောင်ရွက်ရာတွင် နှစ်ဧကခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ (အောက်ပုံ)

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နေ့လယ်ပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဇုန်(၂) လမ်း၃၀နှင့်၃၃လမ်းကြား လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်း လုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)



# ချမ်းမြေ့ပျော်ရွှင်ပညာသင်



**မိုင်းဆတ် ဇွန် ၄**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများကို ဇွန် ၃ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသင်ခန်းစာများကို အေးချမ်းစွာ သင်ကြားပေးလျက်ရှိသည်။

မိုင်းဆတ်မြို့ပေါ်ရှိ ကျောင်းများ၌ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု အခြေအနေကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်သန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ခရိုင်ပညာရေးမှူးဦးအောင်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်၊ မြို့နယ်ပညာရေးမှူး ဦးစိုင်းတင့်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



**စဥ့်ကိုင် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် ယနေ့ နံနက်၉နာရီတွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစတင်တက်ရောက်၍ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးငယ်များ၊ ကျောင်းပြင်ပတွင်ရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများအားလုံး အချိန်မီကျောင်းအပ်နှံနိုင်ရေးကိုလည်း မိဘဆရာအသင်းများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် အတန်းပိုင်ဆရာ၊ဆရာမများမှ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ စဥ့်ကိုင်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၆ ကျောင်း၊အထက်တန်း(ခွဲ)ကျောင်း ၁၀ကျောင်း၊အလယ်တန်းကျောင်း ၉ကျောင်း၊ အလယ်တန်း(ခွဲ)ကျောင်း၆ကျောင်း၊ မူလတန်း(လွန်)ကျောင်း ၂ကျောင်း၊ မူလတန်းကျောင်း (၇၉)ကျောင်း၊ မူလတန်းခွဲ ၁ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၁၀၃ ကျောင်းတို့၌ KGတန်းမှ G-12 တန်းတို့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၇၇၈၆ဦးတို့ အေးချမ်းပျော်ရွှင်စွာ စတင်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မြင်းခြံ ဇွန် ၄**

၂၀၂၄ခုနှစ် ဇွန် ၃ရက်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် နိုင်ငံအဝန်း အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၍ မြင်းခြံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ သင်ကြားလျက်ရှိသည်။ **(အောက်ပုံ)**

မြင်းခြံမြို့နယ် အနေဖြင့် အခြေခံပညာအထက်တန်းကျောင်း ၁၁ကျောင်း၊အထက်တန်းကျောင်း(ခွဲ) ၁၀ကျောင်း၊ အလယ်တန်းကျောင်းလေးကျောင်း၊အလယ်တန်းကျောင်း(ခွဲ) ၁၀ကျောင်း၊ အခြေခံမူလတန်းကျောင်း ၉၄ကျောင်း၊ အခြေခံမူလတန်း ကျောင်း(ခွဲ)နှစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၄ကျောင်း၊ ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်း စုစုပေါင်း ၁၈၆ကျောင်းတွင် ကျောင်းသားကျောင်းသူ ၃၀၀၉၉ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **(၃၆၆)**



**မန္တလေး ဇွန် ၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ၇၃လမ်း၊ ၄၅ဝလမ်းရှိ မြန်မာသတင်း အချက်အလက်နည်းပညာ တက္ကသိုလ်တွင် ပညာသင်နှစ်အလိုက် စတင်သင်ကြားခြင်းများနှင့် ကျောင်းအပ်နှံခြင်းများကို ဇွန် ၃ရက် နံနက် ၉နာရီမှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နှစ်အလိုက် နှစ်ဝက်သင်ကြားခြင်းများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံ လက်ခံသင်ကြားပေးလျက်ရှိရာ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၄၁၃ဦးရှိပြီး လက်ရှိ တက်ရောက်သင်ကြားနေသူ ၃၃၀ဦး ရှိသည်။ ပညာသင်နှစ်အလိုက် တက်ရောက်ရန် ကျန်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများမှာလည်း ဆက်လက်အပ်နှံလက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

❁ ❁ ❁ ❁ ❁

**မန္တလေး ဇွန် ၄**

ပညာရေးဝန်ကြီးဌာန၊အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်း၊ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ ဒီပလိုမာဘွဲ့၊ မဟာဘွဲ့သင်တန်းစသည့် သင်တန်းနှစ် အသီးသီးတို့၏ ပထမပညာသင်ကာလနှင့် ဒုတိယပညာသင်ကာလများကို ဇွန် ၃ရက်မှ စတင်၍ ဖွင့်လှစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တတိယနှစ်(ပထမပညာသင်ကာလ-၂၀၂၀အောင်)၊ ပထမနှစ်ဂုဏ်ထူးတန်း(ပထမပညာသင်ကာလ)၊ ပထမနှစ် မဟာသင်တန်း ဥပဒေပညာ (ပထမပညာသင်ကာလ)၊ ဒုတိယနှစ် မဟာသင်တန်း ဥပဒေပညာ(ပထမပညာသင်ကာလ)နှင့် စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာ အမှတ်စဉ်(၈)(ပထမပညာသင်ကာလ)သင်တန်းနှစ် အသီးသီးတို့၏ ကျောင်းအပ်မှတ်ပုံတင်ခြင်းကို မေ ၂၃ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။



ရတနာပုံတက္ကသိုလ်တွင် သင်ကြားပို့ချပေးနေသည့် အထူးပြုဘာသာရပ်များမှာ အထူးပြုဘာသာရပ်များမှာ မြန်မာစာ၊ မြန်မာမှု၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ နျူကလီယရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒ၊ကုန်ထုတ်ဓာတုဗေဒ၊သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ၊ မှတ်တမ်းနှင့်မော်ကွန်း စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ကွန်ပျူတာသိပ္ပံပညာနှင့်အားကစားပညာ စသည့် ဘာသာရပ်ပေါင်း ၂၈ဘာသာကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)(ဝ၈၂)

**မိတ္ထီလာ ဇွန် ၄**

မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ယူလျက်ရှိသည်။

မိတ္ထီလာမြို့နယ်အတွင်းမှာ အခြေခံပညာကျောင်း၂၆၇ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၉ကျောင်းနဲ့ ကိုယ်ပိုင်ကျောင်း ၁၉ ကျောင်းရှိပြီး ဇွန် ၂ ရက်မှာ ကျောင်းတွေအားလုံး စတင်ဖွင့်လှစ်တာဖြစ်ပါတယ်။ ကျောင်းစတင်ဖွင့်လှစ်တဲ့ ဇွန် ၂ရက်မှာ ကျောင်းတိုင်းမှာ ကျောင်းသား၊ ကျောင်းသူတွေ အေးချမ်းပျော်ရွှင်စွာနဲ့ တက်ရောက်ပညာသင်ယူလျက်ရှိပြီး တာဝန်ရှိသူတွေကလည်း ကျောင်းတွေမှာ လိုက်လံစစ်ဆေးကြည့်ရှုပြီး လိုအပ်တာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောင်းများ စတင်ဖွင့်သည့်နေ့ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများက ၄င်းတို့၏ သားသမီး၊ ကျောင်းသား၊ကျောင်းသူများအား ကျောင်းများသို့ စောင့်ရှောက်လိုက်ပါပို့ဆောင်ပေးကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၅၃)**





# ယခုဘဏ္ဍာနှစ်တွင် ဓာတ်မြေဩဇာတန်ချိန် တစ်သန်းကျော် တင်သွင်းမည်

**မန္တလေး ဇွန် ၄**

ပြည်တွင်းစိုက်ပျိုးတောင်သူများအတွက် လိုအပ်ချက်အရ ယခုဘဏ္ဍာနှစ်တွင် ပြည်ပမှ ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်းကို တင်သွင်းဖြန့်ဖြူးရောင်းပေးမည်ဖြစ်ကြောင်း ဓာတ်မြေဩဇာ တင်သွင်းသည့် ကုမဏီတစ်ခုမှ သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် အမှန်တကယ် တင်သွင်းသည့် ပမာဏကိုအခြေခံပြီး ယခုဘဏ္ဍာနှစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဓာတ်မြေဩဇာတန်ချိန် တစ်သန်းကျော် တင်သွင်းမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။



"မေ ၃၁ရက်က သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာပြုလုပ်တဲ့ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးမှာ မြေဩဇာတင်သွင်းမှုကို ပြောကြားခဲ့တာပါ။ အမှန်တကယ်လိုအပ်လာရင်လည်း တင်သွင်းမယ့် ကုမ္ပဏီတွေကို ထောက်ခံပေးမယ်လို့ သိရတယ်" ဟု ၄င်းက ပြောသည်။

စိုက်ပျိုးရေးအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများနှင့်ပတ်သက်၍ အမှန်တကယ်သုံးစွဲမှုကြောင့် လိုအပ်ချက်ရှိပါက စိစစ်ထောက်ခံချက်ထုတ်ပေးမည်ဖြစ်၍ မိုးစပါးရာသီတွင် သွင်းအားစုများ အချိန်မီရရှိစေရေးနှင့် အရည်အသွေးပြည့်မီပြီး ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ စိစစ်တင်ပြချက်အရ ၂၀၂၄ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွက် ဓာတ်မြေဩဇာတန်ချိန် စုစုပေါင်း ၆ ဒသမ ၇၉ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၁၀၉၂၂ တန် တင်သွင်းရန် ထောက်ခံချက်ရရှိထားကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

# ယခုနှစ်စိုက်ပျိုးရာသီ မိုးဆီထွက်သီးနှံ ဧကပေါင်း ၅၄၀၀၀ ကျော် စိုက်ပျိုးသွားမည်

**မင်းဘူး ဇွန် ၄**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ်စိုက်ပျိုးရာသီ ဒေသတွင်းစားသုံးဆီဖူလုံစေရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မိုးဆီထွက်သီးနှံကို ဧကပေါင်း ၅၄၀၀၀ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့သို့ စိုက်ပျိုးရာတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက မိုးဦးသီးနှံများအဖြစ် နှမ်းနှင့် မြေပဲသီးနှံ စိုက်ခင်းများအတွင်း ပဲစဉ်းငုံ သီးနှံကို သီးညှပ်စိုက်ပုံစံ အလှည့်ကျစနစ်ဖြင့် အများဆုံး စိုက်ပျိုးလေ့ရှိပြီး မိုးစပါး၊ မိုးချည်မျှင်ရှည်ဝါ၊ နေကြာ၊ ပဲတီစိမ်းနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး အထူးဇုန်လုပ်ငန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မေလနောက်ဆုံးအပတ်မှစတင်ပြီး မုန်တိုင်းအရှိန်ကြောင့် ရွာသွန်းခဲ့သောမိုးဖြင့် မိုးဦးသီးနှံများကို မိုးကောင်းသောကြောင့် လယ်ယာမြေများ၌ တစ်နယ်လုံး စတင်ထွန်ယက် စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် မိုးဆီထွက်သီးနှံအဖြစ် မိုးနှမ်းကို ဧက ၄၀၀၀၀ ၊ မိုးမြေပဲကို ၁၁၆၆၉ ဧကနှင့် မိုးနေကြာကို ဧက ၃၀၀၀ စုစုပေါင်း ၅၄၆၆၉ ဧက စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ခေါင်းလောင်းသံချို တို့များကြိုစို့

* ခေါင်းလောင်းသံချို ခဏထိုကား
ရင်ကိုအေးမြ ပန်ဆင်သသည်
ကျွန်းမြသာယာ တို့ပြည်မှာ။
* ဖြူစိမ်းတူညီ သွက်လက်ချီ၍
ပီပီသသ လူလုံးလှဖို့
ကျောင်းကကြို့နေ ကမ်းလက်ဝေ။
* ပညာတစ်ခေတ် ရောင်စဉ်သစ်မှာ
အနှစ်ပါစေ စွမ်းကြပေလား
မသွေအင်အား မိဘများနှင့်
သင်ကြားဆရာ သုံးရောင်ဖြာမည်
မြန်မာတို့ပြည် အနာဂတ်ဆီ သို့။ ။

ရေချမ်း(မန်း)

# ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်

**စဉ့်ကူး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၁)နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း လုပ်ငန်းများကို ဇွန် ၃ ရက်နံနက် ၉ နာရီမှစ၍ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်ချိန်အတွင်း မေးခိုင်ကာကွယ်ဆေးအနည်းဆုံး(၂)ကြိမ် ထိုးပေးခြင်းနှင့် အပတ်စဉ် တနင်္လာနေ့တိုင်းတွင် သွေးပေါင်ချိန်ပေးခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ သန်ချဆေး၊ ဘီတာမင်ဘီဝမ်းဆေးပြားနှင့် သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေးများကို နေ့စဉ်သောက်ရန်ပေးခြင်းများအပြင် ဆစ်ဖလစ်ရောဂါအတွက် သွေးစစ်ပေးခြင်းများကိုလည်း လစဉ်သတ်မှတ်ရက်များနှင့် လဆန်း ၂ ရက်မှ ၃ ရက်အထိ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ယာပုံ)**



ထို့နည်းတူ ကလေးငယ်များအား လအလိုက် ဘီစီဂျီ၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး၊ တိုက်ဆေး၊ ဝက်သက်၊ ဂျိုက်သိုး စသည့် ကာကွယ်ဆေးအားလုံးကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသောအသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**ငြိမ်းချမ်းဝင်း(မြန်/ဆက်)**



# လူထုထံဖြန့်ဝေမည့် ပျိုးပင် ၅၀၀၀၀ ကျော် ပျိုးထောင်ထားရှိ

**မိုးနဲ ဇွန် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောပြုန်းတီးမှုမဖြစ်ပေါ်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်စေရေး စသည့်ရည်ရွယ်ချက်များနှင့် သစ်တောဦးစီးဌာန၏ ပျိုးဥယျာဉ်များတွင် ၂၀၂၄ ခုနှစ် မိုးရာသီအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် လူထုထံဖြန့်ဝေမည့် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး လက်ရှိတွင် သစ်ပင်ပျိုးပင်များ လာရောက်ယူဆောင်သော ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများထံသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း တောအုပ်ထံမှ သိရသည်။




ပျိုးထောင်ထားရှိသည့် သစ်ပင်ပျိုးပင်များမှာ ကျွန်း ၁၆၀၀၀ ပင်၊ မယ်ဇလီ ၁၀၄၅၀ ပင်၊ စိန်ပန်းနီ၊ ပြာ ၇၇၅၀ ပင်၊ မျောက်ငို ၅၀၀၀ ပင်၊ စစ်၊ ကံ့ကော်၊ အင်ဂရေးနှင့် စိန်တံချူ ၅၀၀ ပင်စီ၊ ရေတမာ ၃၈၀၀ ပင်၊ ခါတော်မှို ၁၀၀၀ ပင်၊ ရေသင်းဝင် ၃၀၀၀ ပင်၊ ဇန်ဒါ ၈၀၀ ပင်နှင့် သပြေဘူတ ၂၀၀ ပင်တို့ဖြစ်ပြီး စုစုပေါင်း သစ်ပင်ပျိုးပင်ပေါင်း ၅၀၀၀၀ ပင်ကို စိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း လာမည့်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို နောင်မြင်ကျေးရွာအုပ်စုရှိ လွိုင်စယ်စေတီအနီးတွင် ကျင်းပနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူးထံမှ သိရသည်။

(ဝဲပုံ)

**မြို့နယ်(မြန်/ဆက်)**

*-*-*-*-*-*

## သတင်းပဒေသာ

### အခြေခံပညာကျောင်းများ စတင်သင်ကြားပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူခွင့်ရရှိစေရေးအတွက် ဇွန် ၃ ရက် နံနက် ၉ နာရီတွင် အခြေခံပညာကျောင်းများ စတင်သင်ကြားပေးလျက်ရှိရာ တောင်တွင်းကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၂၅၉ ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များအားလုံး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### နည်းပညာပေးသင်တန်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ ကျင်းပ

တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းပညာပေးသင်တန်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဇွန် ၁ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တောင်သူများအား ဆင်းရေကြီ-၃ (RS) မျိုးသန့် မျိုးစေ့များ၊ Gypsum သဘာဝကျောက်မှုန့်မြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နေပြည်တော်နည်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ်နှင့် ဒုတိယနှစ် (ဘွဲ့ကြို) အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားရာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### အခြေခံပညာကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဇွန် ၃ ရက် နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများက အခြေခံပညာကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ကလေးငယ်များ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇွန် ၃ရက် နံနက် ၉ နာရီမှစ၍ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

၂၀၂၄ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ဇွန် ၃ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဦးပွားဘုရားဂေါပကအဖွဲ့ ပုံမှန်အစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၄**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွား ဆုတောင်းပြည့်စေတီတော်ဘုရား ဂေါပကအဖွဲ့ လစဉ်ပုံမှန်အစည်းအဝေးကို ဇွန် ၃ ရက် ညနေ ၅ နာရီက ၎င်းဘုရားဝင်းအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး သမ္ဗုတိလယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသီရိ(မဟာသဒ္ဓမ္မ ဇောတိကဓဇ) က ဩဝါဒ ချီးမြှင့်ပေးတော်မူပြီး ဦးပွားဂေါပကအဖွဲ့ နာယကဆရာကြီး ဦးတင်မောင်မှ ဆရာတော်ပြောတဲ့ စည်းလုံးညီညွတ်မှုရှိပြီး အချိန်ကို တိတိကျကျ လေးစားကြဖို့လိုကြောင်း၊ အခမ်းအနားတိုင်းမှာ ဆရာတော်တွေရဲ့ လမ်းညွှန်မှုကို ခံယူပြီး ဆောင်ရွက်သွားကြရန် လျှောက်ထား၍ ဂေါပကဥက္ကဋ္ဌ ဦးမြင့်ဦးမှ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းလျှောက်ထားသည်။

၎င်းနောက် အစည်းအဝေး တက်ရောက်လာကြသော ဒုတိယဥက္ကဋ္ဌ ဦးမိုးဆွေ၊ ဦးသက်နိုင်ယု၊ ဦးမင်းမင်းဦးတို့ကလည်းကောင်း၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်တို့က လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြ လျှောက်ထားကြပြီးနောက် ဥက္ကဋ္ဌမှ နိဂုံးချုပ်ပြောကြားကာ အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၀၄၆)

## အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရ



**ထားဝယ် ဇွန် ၄**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမရှိစေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများအား ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သောင်းကျန်းသူများက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ရိုင်စိုင်းသော ရည်ရွယ်ချက်ဖြင့် ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ကျောင်းတက်ရန် ကျောင်းသား၊ ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တစ်စီးအား လောင်းလုံမြို့နယ် ပဥ္စသီမော်ကျေးရွာအနီးတွင် လောင်းလုံ PDF အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ထားခဲ့သည့် ဗုံးသီးတစ်လုံး ပေါက်ကွဲမှုကြောင့် ကျောင်းသား တစ်ဦး သေဆုံးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူ စုစုပေါင်း ၂၅ ဦး ထိ ခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အားပေးစကားပြောကြား**

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုနှင့် ဗုံးသီးပေါက်ကွဲမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူများအား အမှတ်(၁၂)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)နှင့် ထားဝယ်ပြည်သူ့ဆေးရုံကြီးတို့၌ လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ဆေးကုသပေးနေမှုများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

၀-၀-၀-၀-၀

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၃ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "Zin May Khine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ(အနောက်)ရပ်ကွက်နေ ဇင်မေခိုင်အား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Tin Htut Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ တင်ထွဋ်အောင်အား နံနက် ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တွင်းထွက်များ၏ ပုံဆောင်သဏ္ဌာန်

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

**တွင်းထွက်နှင့် ပုံဆောင်ခဲ**

သဘာဝအတိုင်းဖြစ်ပေါ်လာပြီး သက်ရှိများနှင့် ဆက်စပ်မှု မရှိသော အဇီဝမူလ အစိုင်အခဲဖြစ်သည့် တိကျသောဓာတုဖွဲ့စည်းမှု၊ စနစ်ကျသော အက်တမ်ဖွဲ့တည်မှုရှိသော အရာဝတ္ထုကို 'တွင်းထွက်' ဟု ခေါ်ကြသည်။ တွင်းထွက်များကို ပုံသဏ္ဌာန် အမျိုးမျိုးရှိသော ပြင်ညီမျက်နှာပြင်များနှင့် ကာရံထားသည်။ ယင်းတို့ကို ပုံဆောင်ခဲဟု ခေါ်ဆိုသည်။ ပုံဆောင်ခဲများသည် ကုဗပုံ၊ ရှမ်းဗတ်ပုံ၊ ဆလင်ဒါပုံ၊ ရှစ်မျက်နှာတုံး၊ ၁၈ မျက်နှာတုံးနှင့် မျက်နှာပြင်များစွာဖြင့် တည်ဆောက်ထားကြသည်။

**ပုံဆောင်ခဲနှင့် ပုံဆောင်သဏ္ဌာန်**

အတွင်းပိုင်း အက်တမ်ဖွဲ့စည်းပုံများကြောင့် တွင်းထွက်တို့တွင် ပြင်ညီမျက်နှာပြင်များ ရှိကြသည်။ ယင်းမျက်နှာပြင်များနှင့် တည်ဆောက်ထားသည့် အစိုင်အခဲကို ပုံဆောင်ခဲ(Crystal) ဟု ခေါ်ပေရာ ပုံဆောင်ခဲအမျိုးမျိုးကို တွေ့ရပါသည်။ ပုံဆောင်သဏ္ဌာန်ဆိုသည်မှာ ယင်းမျက်နှာပြင်များ၏ ဖွဲ့စည်းတည်ဆောက်မှုကို ခေါ်သည်။ ပုံဆောင်ခဲတစ်ခုသည် တူညီသော မျက်နှာပြင်များဖြင့် ဖွဲ့စည်းထားပါက ယင်းကို 'ပုံပိတ်' (Close Form) ဟုခေါ်သည်။ အကယ်၍ မတူညီသောမျက်နှာပြင်များ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော မျက်နှာပြင်များနှင့် ဖွဲ့စည်းထားပါက ယင်းကို 'ပုံပွင့်' (Open Form) ဟု ခေါ်သည်။

ဥပမာ(၁) - စတုရန်းပုံမျက်နှာပြင် (၆)ခုဖြင့် ဖွဲ့စည်းထားသော ကုဗပုံ (Cubic form)၊ တြိဂံပုံ တူညီမျက်နှာပြင်(၈)ခုနှင့် ဖွဲ့စည်းထားသော ရှစ်မျက်နှာတုံး (Octahedron)တို့သည် 'ပုံပိတ်' ဖြစ်ကြသည်။

ဥပမာ(၂)- တူညီမျက်နှာပြင် တစ်ခုတည်းမဟုတ်ဘဲ စတုရန်းပုံ၊ စတုဂံပုံ၊ ပဉ္စဂံပုံ၊ ဆဋ္ဌဂံပုံ၊ တြိဂံပုံများနှင့်ဖွဲ့တည်ထားသော ပုံဆောင်ခဲကို 'ပုံပွင့်'ဟု သတ်မှတ်ပါသည်။

**ပုံဆောင်သဏ္ဌာန်နှင့် ပုံဆောင်စနစ်**

တွင်းထွက်များ၏ ပုံဆောင်သဏ္ဌာန်များသည် ထူးခြားအံ့သြဖွယ်ဖြစ်သည်။ သဘာဝ၏ လုပ်ဆောင်မှုများသည် လူတို့ အတုယူဖန်တီးရန် ခက်ခဲလှသည်။ လှပခြင်း၊ တောက်ပခြင်း၊ ရှားပါးခြင်း၊ ခိုင်မာခြင်းနှင့် တာရှည်တည်တံ့ခြင်းသည် တွင်းထွက်များ၏ ထူးခြားသော ဂုဏ်သတ္တိဖြစ်သည်။ ဂျီသြမေတြီဆိုင်ရာ အင်္ဂါရပ်များကိုအခြေခံ၍ ပုံဆောင်စနစ်များ (Crystal Systems) ခွဲခြားသတ်မှတ်ကြသည်။ ပုံဆောင်ခဲများအတွင်း၌ ပုံဆောင်ခဲဝန်ရိုး (Crystal axis)များကို စိတ်မှန်းဖြင့် ရေးဆွဲပြီး ယင်းဝန်ရိုးများ၏ တည်နေပုံ၊ တစ်ခုနှင့်တစ်ခု ဖြတ်နေပုံ၊ ထောင့်မှန်ကျနေပုံ၊ တိမ်းစောင်းနေပုံ၊ အတိုအရှည် စသည်တို့ကို အခြေခံ၍ ပုံဆောင်စနစ် (Crystal System) ၆ ခု သတ်မှတ်ပါသည်။ ပုံဆောင်စနစ်များအကြောင်းကို အကျဉ်းမျှ ဖော်ပြလိုပါသည်။

**ကုဗစနစ်** - ယင်းစနစ်တွင် ပုံဆောင်ခဲဝန်ရိုး(၃)ချောင်းရှိပြီး ယင်းတို့သည် အရွယ်အစား တူညီကြသည်။ ဝန်ရိုးများသည် တစ်ခုနှင့်တစ်ခု ထောင့်မှန်ကျနေကြသည်။ (ဥပမာ- ဂလီနားခေါ်




ခဲပုပ်၊ သိန္ဓောဆား၊ ပိုင်ရိုက် (ဗဟန်း) ကြေးသတ္တု၊ စိန်)

**စတုဂုဏ်စနစ်** - ယင်းစနစ်တွင် ပုံဆောင်ခဲဝန်ရိုး (၃)ချောင်းရှိပြီး ရေပြင်ညီဝန်ရိုး (၂)ချောင်းသည် အရွယ်အစားတူညီကြပြီး ဒေါင်လိုက်ဝန်ရိုးတစ်ချောင်းသည် ယင်းနှစ်ချောင်းထက် တိုသည်၊ ရှည်သည်။ ဝန်ရိုးများသည် တစ်ခုနှင့်တစ်ခု ထောင့်မှန်ကျနေကြသည်။ (ဥပမာ- Cassiterite, Zircon (ဥဒေါင်)

**ရှမ်းဗတ်စနစ်** - ယင်းစနစ်တွင် ပုံဆောင်ခဲဝန်ရိုး (၃)ချောင်းရှိပြီး ယင်းတို့သည် အရွယ်အစားမတူညီကြပေ။ သို့သော် ဝန်ရိုးများသည် တစ်ခုနှင့်တစ်ခု ထောင့်မှန်ကျနေကြသည်။ (ဥပမာ- ဆာလ်ဖာ၊ ဘရိုက်တီး၊ အိုလီဗင်း)

**ဆဋ္ဌဂုဏ်စနစ်** - ယင်းစနစ်တွင် ပုံဆောင်ခဲဝန်ရိုး (၄)ချောင်းရှိပြီး ရေပြင်ညီအတိုင်းရှိသော ဝန်ရိုး(၃)ချောင်းသည် အရွယ်တူညီကြပြီး ယင်းတို့သည် အချင်းချင်းထောင့်မှန်မကျပါ။ သို့သော် ယင်းဝန်ရိုး(၃)ချောင်းပါသည့်ပြင်ညီကို ဒေါင်လိုက်ဝန်ရိုးက ထောင့်မှန်ကျနေသည်။ ဒေါင်လိုက်ဝန်ရိုးသည် ကျန်ဝန်ရိုး(၃)ချောင်းထက် ပို၍တိုသည်၊ ရှည်သည်ကို တွေ့ရသည်။ (ဥပမာ-ပတ္တမြား၊ နီလာ၊ မြ၊ မျက်ရွဲ -Beryl)

**တစ်ရိုးစောင်းစနစ်** - ယင်းစနစ်တွင် ပုံဆောင်ခဲဝန်ရိုး (၃)ချောင်းရှိပြီး တစ်ခုနှင့်တစ်ခု အရွယ်မညီပါ။ ဒေါင်လိုက်ဝန်ရိုးသည် ကျန်ဝန်ရိုးတစ်ချောင်းနှင့် ထောင့်မှန်မကျပေ။ ယင်းဝန်ရိုးသည် တစ်ဖက်ဖက်သို့ တိမ်းစောင်း၍နေပါသည်။ ထို့ကြောင့် တစ်ရိုးစောင်းစနစ်ဟု သတ်မှတ်ပါသည်။ (ဥပမာ - ဂေါ်ဒန်၊ သြဂိုက်၊ သြသိုကလေ့၊ ဂူဖရမ်မိုက်၊ တိုင်တေနိုက်)




**သုံးရိုးစောင်းစနစ်** - ယင်းစနစ်တွင် ပုံဆောင်ခဲဝန်ရိုး (၃) ချောင်းရှိပြီး ယင်းတို့သည် အရွယ်မညီကြပါ။ အချင်းချင်းလည်း ထောင့်မှန်မကျပါ။ (ဥပမာ- ကြိုင်နိုက် (Kyanite)၊ အယ်လဗိုက် (albite)၊ အဇင်နိုက် (axinite))

**ပုံဆောင်မဲ့**

တွင်းထွက်အားလုံးသည် အထက်ဖော်ပြပါ ပုံသဏ္ဌာန်နှင့် ပုံဆောင်စနစ်များ မရှိကြပေ။ တချို့သည် ပုံဆောင်ရန် အချိန်လုံလောက်မှုမရှိ၍ ပုံဆောင်မွှား (Cryptocrystalline)နှင့် ပုံဆောင်မဲ့ (Amorphous)များ ဖြစ်ပေါ်လာကြသည်။ တချို့သည် လုံးဝိုင်းသောအစိုင်အခဲများ အစုအဝေး(သို့မဟုတ်)ပုံသဏ္ဌာန် အတိအကျမရှိသော အစိုင်အခဲ အစုအဝေး(Aggregate)အဖြစ်လည်း ဖြစ်တည်နိုင်ပေသည်။

**မြွာပူးတွင်းထွက်**

တချို့သည် ပုံဆောင်သဏ္ဌာန်ရှိသော်လည်း ပုံဆောင်ခဲ တစ်ခုတည်းမဟုတ်ဘဲ နှစ်ခုသုံးခု ပူးလျက်အနေအထားကို တွေ့ရသည်။ ယင်းတို့ကို မြွာပူးတွင်းထွက် (Twin Crystal) ဟု ခေါ်ပါသည်။

တချို့သော ကျောက်များတွင် တွင်းထွက်တစ်မျိုးတည်းသာ ပါဝင်သော်လည်း ကျောက်အမျိုးအစား တော်တော်များများတွင် တွင်းထွက်တစ်မျိုးတည်းမဟုတ်ဘဲ တွင်းထွက်များ စုဝေးဖြစ်ပေါ်နေ




ကြသည်။

ဥပမာ - စကျင်ကျောက်သည် ကယ်လ်ဆိုက် တွင်းထွက်တစ်မျိုးတည်းသာ ပါဝင်ဖွဲ့စည်းထားသည်။ ဂနက်နစ် (နှမ်းဖတ်ကျောက်)သည် သလင်း၊ ဖယ်လ်စဖာနှင့် လချေးတွင်းထွက်များ ရောနှောပါဝင်နေပေသည်။

**တွင်းထွက်လောက**

ဤမြေကမ္ဘာ၏ သဘာဝဖြစ်စဉ်များသည် အလွန်ရှုပ်ထွေးလှပေသည်။ ယင်းတို့သည် ပတ်ဝန်းကျင်အခြေအနေ၊ အပူချိန် ဖိအားနှင့် ဒဏ်အားများ သက်ရောက်မှု၊ ဖြစ်ပေါ်လာသည့် မူလကျောက်ရည်ပူ အမျိုးအစား၊ ပါဝင်သည့် ဒြပ်စင်များ စသည်ဖြင့် အမျိုးမျိုးကွဲပြားလှပါသည်။ ယနေ့ကမ္ဘာတွင် တွင်းထွက်အမျိုးပေါင်း ၃၀၀၀ ကျော်မျှအထိ လေ့လာတွေ့ရှိပြီးဖြစ်သော်လည်း နောက်ထပ်အမျိုးကွဲ တွင်းထွက်များစွာ ကျန်ရှိနေပေအုန်းမည်။

စကြဝဠာသည် အပြောကျယ်လှသည်။ သဘာဝဖြစ်စဉ်များကလည်း အလွန်ဆန်းပြား ထူးခြားလှပေသည်။ ကမ္ဘာ့အတွင်းပိုင်းရှိ ကျောက်ရည်ပူများသည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုးထွက်လာကြသည်။ တချို့က အပြင်ဘက်သို့ ရောက်မလာဘဲ အတွင်းပိုင်းမှာပင် အေးခဲကြသည်။ ဗက်သိုလစ်၊ လိုပိုလစ်ခေါ် မြေနက်ကျောက်စိုင်ကြီးများအဖြစ် တည်ရှိနေကြသည်။ တချို့သည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ အက်ကွဲကြောင်းများ၊ မီးတောင်ပေါက်ကွဲခြင်းများဖြင့် ရောက်ရှိလာကြသည်။ ယင်းကျောက်များတွင် ဓာတုဖွဲ့စည်းမှု အမျိုးမျိုးရှိသော တွင်းထွက်များ ဖြစ်တည်လာကြသည်။ ဖြစ်တည်ပြီးသောကျောက်များကို ကမ္ဘာ့မြေတွင်းလှုပ်ရှားမှုများက တွန်းခေါက်စေသည်။ မြေအောက်အနက်ပိုင်းမှသည် မြေပြင်သို့တွန်းတင်ပေးသည်။ တချို့မှာ မြေအနက်ပိုင်းသို့ စိုက်ဝင်သွားကြပြန်သည်။ ထိုအခါ ကျောက်များသည် ကျိုးပဲ့သည်။ ကြေမွစေသည်။ ပုံပြောင်းစေသည်။ တွင်းထွက်အသစ်များ ထပ်မံဖြစ်ပေါ်ကြသည်။ ဥပမာ-အသွင်ပြောင်းတွင်းထွက်များ (Metamorphic minerals)ဖြစ်လာသည်။ မူလတွင်းထွက်များလည်း ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲကြပြန်သည်။ လေးထောင့်ပုံမှအဝိုင်းပုံ၊ အဝိုင်းမှ ဘဲဥပုံ၊ ဘဲဥပုံမှ ရှည်မြောမြောပုံ၊ အချောင်းပုံ၊ ခဲတံပုံ စသည်ဖြင့် အဆင့်ဆင့် ပြောင်းလဲတတ်ပြန်သည်။ တချို့မှာ ပြားချပ်ချပ်ပုံသို့ ပြောင်းလဲကြပြန်သည်။

**လေ့လာစရာမကုန်တော့ပါ**

တွင်းထွက်များ ကျောက်များ၏ ထာဝရအစဉ် ပြောင်းလဲနေမှုတို့သည် လေ့လာ၍ကုန်မည် မဟုတ်ပေ။ သို့ပါ၍ တွင်းထွက်များ၏ ဖြစ်တည်လာကြပုံ၊ ဓါတုပစ္စည်းများ၏ ရောစပ်မှု၊ ကွဲထွက်မှု ပါဝင်မှု အနည်းအများ၊ ယင်းတို့ကြောင့် လှပသော အရောင်အသွေးစုံသော တွင်းထွက်များ၊ အလင်းပွင့်အားကောင်းသော၊ ကျစ်လျစ်မာကြောသော မျက်နှာပြင်များ ဖြစ်တည်ပုံကို ဆက်လက်လေ့လာကြရန် လိုအပ်ပေသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ကထိက ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်တွင် စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူ လေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးနိုင်မည့် အဆင့်မြင့်ပညာရပ်များသင်ယူရာ တက္ကသိုလ်တစ်ခုကို တည်ထောင်ဖွင့်လှစ်ရန်ဟူသည့် ရည်မှန်းချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် Naypyitaw State Academy ပရိဝုဏ်အတွင်း၌ ကျင်းပခြင်းဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင်သစ်တော စိုက်ပျိုးပြုစု ထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေး စသည့်ရည်ရွယ်ချက်များနှင့် ယခုသစ်ပင်စိုက်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ပြီး နှစ်စဉ်သစ်ပင်စိုက်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအခါ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ်၊ ပျိုးပင်ပေါင်း ၁၂၄၅၅ ပင်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ် ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နိုင်ငံနှင့်အဝန်း မိုးကြိုနှင့်မိုးရာသီသစ်ပင်စိုက်ပွဲပေါင်း ၁၁၄၇ ပွဲ၊ ပျိုးပင်ပေါင်း ၇၇၅၁၉၂ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး ပြည်သူများအားလုံး ပူးပေါင်းပါဝင်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ဦးဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်အား စိုက်ပျိုးပေးစဉ်။

ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ခြောက်မျိုး၊ အပင် ၁၀၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပရိဝုဏ်နှင့် လိုက်ဖက်မည့် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် သစ်မျိုးများကို အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် တစ်နိုင်ငံလုံး သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာ အသီးသီးတွင်လည်း ဒေသအလိုက် သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးရန်၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတော အပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့်သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အာဆီယံလမ်းမကြီးများ ဘေးဝဲယာ၊ အမြန်လမ်းမကြီးဘေးဝဲယာနှင့် ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များ စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှု မဖြစ်မနေလိုအပ်သည့်အတွက် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးကြရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန် အောင်မြင်ဖြစ်ထွန်းစေရန် အတွက် သန်စွမ်းသည့် ပျိုးသက် နှစ်နှစ်၊ အမြင့် နှစ်ပေအထက် ပျိုးပင်များကို စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ပျိုးပင်များ ရရှိရန်အတွက် မျိုးကောင်း မျိုးသန့်အပင်များမှ အပင်ပေါက်ရောက် အောင်မြင်ရှင်သန်နိုင်မည့်သစ်စေ့များ ကြိုတင်စုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို အချိန်ယူကြိုတင်ပြင်ဆင်ပြီး အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပျိုးပင်အဖြစ် နှစ်နှစ်တာ ရှင်သန်ဖြစ်ထွန်းလာသည့် အပင်သည် ဆက်လက်ရှင်သန်ကြီးထွားရန် စနစ်တကျဆောင်ရွက်သွားပါက မဖြစ်စရာမရှိကြောင်း။

စိုက်ပျိုးပင်များ ရှင်သန်အောင်မြင်စေရန်အတွက် နေရာဒေသနှင့် ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စနစ်တကျ မြေပြုပြင်မှု၊ ရေနှင့်မြေ အစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစား မှန်ကန်မှု၊ ပန္နက်အကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရေးတို့ကို အထူးအလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြေဆီအာဟာရ ပြည့်ဝစေရန်အတွက်လည်း လိုအပ်သည့်သွင်းအားစုများကို ထည့်သွင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆိုလိုသည်မှာဂရုတစိုက် စနစ်တကျစိုက်ပျိုးရန်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီရင်ခံစာအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ကမ္ဘာ့မြေမျက်နှာပြင်၏ သုံးပုံတစ်ပုံဖြစ်သည့် ဧက ၁၀ ဒသမ ၀၃ ဘီလီယံနီးပါးရှိကြောင်း၊ သို့သော် ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၉ ဒသမ၂၇ သန်း၊ ၂၀၀၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၂ ဒသမ ၈၅ သန်းနှင့် ၂၀၁၀ ပြည့်နှစ် မှ ၂၀၂၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၁ ဒသမ ၆၁ သန်း လျော့နည်းကျဆင်းသွားသည်ကို လေ့လာ သိရှိရကြောင်း။

အာဆီယံဒေသ၏သစ်တောဖုံးလွှမ်းမှု ပမာဏအနေဖြင့် ဧက ၅၂၈ ဒသမ ၇၉သန်း ကျော်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း စုစုပေါင်း သစ်တောများ၏ ခြောက်ပုံတစ်ပုံခန့် ဧက ၉၂ ဒသမ ၉၁ သန်း ပြုန်းတီးလျော့နည်းခဲ့သည်ကို လေ့လာသိရှိရကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း၊ သစ်တောပြုန်းတီးမှုနှုန်းအနေဖြင့်ကြည့်ပါက ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်း ပြုန်းတီးခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ် မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် သုည ဒသမ ၉ ရာခိုင်နှုန်းသာ ပြုန်းတီးခဲ့သည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှုကို လျော့နည်းအောင် ထိန်းသိမ်းနိုင်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။ စာမျက်နှာ ၃ သို့ ❖

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ပြီး နှစ်စဉ် သစ်ပင်စိုက်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအခါ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ်၊ ပျိုးပင်ပေါင်း ၁၂၄၅၅ ပင်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ် ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့**

❖ **နိုင်ငံ နှင့်အဝန်း မိုးကြိုနှင့်မိုးရာသီသစ်ပင်စိုက်ပွဲပေါင်း ၁၁၄၇ ပွဲ၊ ပျိုးပင်ပေါင်း ၇၇၅၁၉၂ ပင်ကို စိုက်ပျိုးနိုင်ခဲ့**